# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် ၂၀၂၂ ခုနှစ်၊ မေ ၁၃ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (၂၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား

## EAO များ၏ အလိုဆန္ဒများ၊ တိုင်းပြည်၏ အလိုဆန္ဒများဖြင့် နှစ်ဖက်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး အကျိုးရှိသည့် ဆွေးနွေးပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၂) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာ စကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❊



ယနေ့ ဖတ်စရာ

သတိပြုရမည့် စိတ်ဓာတ်စစ်ဆင်ရေး စစ်ပွဲနှင့် သတင်းအတု၊ သတင်းအမှား များ၏ အန္တရာယ် — ဆောင်းပါး | စာ - ၆

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသိပေး ကြေညာချက် — ပြည်တွင်းသတင်း | စာ - ၁၃

ထိုင်းနိုင်ငံသို့ တရားဝင်ရွှေ့ပြောင်းလုပ်သားများ သွားရောက်နိုင်ခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်မှုများကြောင့် အန္တရာယ်ရှိကြောင်း သတင်းထုတ်ပြန် — ပြည်တွင်းသတင်း | စာ - ၂၂

## အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ပညာရပ်ဝန်းများ ငြိမ်းချမ်းသာယာစေရေး

ဒီမိုကရေစီစနစ် ကျင့်သုံးသောနိုင်ငံတွင် နိုင်ငံသားများ ပညာရည်မြင့်မားရန် လိုသည်။ ဒီမိုကရေစီနိုင်ငံသားကောင်းတစ်ဦးသည် အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ခွဲခြားသိမြင်ချင့်ချိန်နိုင်သည့် စွမ်းရည်ဉာဏ်အမြော်အမြင်တို့နှင့် ပြည့်စုံရန်၊ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား၊ မိမိဒေသနှင့် အများပြည်သူ၏ အကျိုးစီးပွား၊ မိမိအတွက် အကျိုးစီးပွားတို့ နှိုင်းယှဉ်လာပါက မိမိ၏အကျိုးစီးပွားကို ဦးစားမပေးရန်၊ လူမှုရေးရာပြဿနာများကို မှန်ကန်စွာ နားလည်နိုင်စွမ်းနှင့် အမြော်အမြင်ရှိရှိ ဖြေရှင်းနိုင်စွမ်းရှိရန်၊ ရိုးသားဖြောင့်မတ်ရန်နှင့် ဆင်ခြင်တုံတရားနှင့် ပြည့်စုံရန်တို့ လိုအပ်သည်။ ထို့အပြင် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် တာဝန်ယူလိုမှုနှင့် အလုပ်အကျွေးပြုလိုမှုတို့လည်း လိုအပ်သည်။

အထက်ဖော်ပြပါ နိုင်ငံသားကောင်းတို့၏ အရည်အသွေးများ ပြည့်စုံစေရန်မှာ ကလေးသူငယ်၊ လူငယ်လူရွယ်ကျောင်းသားဘဝကပင် စတင်ပျိုးထောင်ပြုစု၊ လေ့ကျင့်သင်ကြားပေးနိုင်ရန် လိုအပ်သည်။ နိုင်ငံသားများ အရည်အသွေးမြင့်မားမှသာ နိုင်ငံကိုလည်း အရည်အသွေးမြင့်မြင့်မားမား တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ခြင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ တက်ရောက်ပညာသင်ကြားနိုင်ရေး တိုက်တွန်းအားပေးကူညီထောက်ပံ့ပေးခြင်းစသည်တို့ဖြင့် နိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်များကို အားကောင်းမောင်းသန်လာအောင် မြှင့်တင်ပေးရမည်ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံသားတို့၏ ပညာရေးအခြေအနေမှာ နိုင်ငံ၏ အနာဂတ်အတွက် မကောင်းလှ။ နိုင်ငံ့လူဦးရေ သန်း ၅၀ ကျော်တွင် ကျောင်းမနေဖူးသူ ငါးသန်းခန့်ရှိနေပြီး မူလတန်းအဆင့်သာ တတ်မြောက်သူ ၁၃ သန်းခန့်နှင့် အလယ်တန်းအဆင့် ငါးသန်းကျော်ရှိနေသည်။ သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော်ကို အဆင့်မြင့်မြင့်တည်ဆောက်နိုင်ရန် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် ကလေးသူငယ်၊ လူငယ်လူရွယ်ကျောင်းနေအရွယ်အားလုံးတို့ အေးချမ်းစွာ ပညာရှာမှီးနိုင်ကြရမည်ဖြစ်သည်။ သူငယ်တန်းမှသည် တန်းစဉ်မှန်မှန် ကူးပြောင်းတက်ရောက်၍ အခြေခံပညာ ပြီးမြောက်အောင်မြင်ရေး၊ တက္ကသိုလ်ကောလိပ်များတွင် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သကဲ့သို့ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်မှုများကြောင့် ပညာရေးအဟောသိကံ ဖြစ်မှုများ လျော့ပါးရေး၊ ကျောင်းပြင်ပ ပညာရေးကဲ့သို့သော နည်းလမ်းများဖြင့် ပညာခရီးဆက်နိုင်ရေး အခွင့်အလမ်းများ ဝိုင်းဝန်းဖန်တီးပေးနိုင်ရန်လည်း ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခု မေလ ၁၂ ရက်နေ့တွင် တက္ကသိုလ်ကောလိပ်များ ဖွင့်လှစ်ပြီး အဆင့်မြင့်ပညာစာသင်နှစ် စတင်ပြီဖြစ်သည်။ မေလ၏ နောက်ဆုံးရက်သတ္တပတ်ကို ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး ဇွန်လ ၂ ရက်နေ့တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းများအားလုံး ဖွင့်လှစ်သင်ကြားကြရတော့မည်ဖြစ်သည်။ ပညာသင်ကြားမှုသည် ကျောင်းသူ ကျောင်းသားတို့၏ အနာဂတ်အတွက် ဖြစ်သလို နိုင်ငံ့အနာဂတ်အတွက်လည်း ဖြစ်သည်။ ပညာသင်ကြားမှုပျက်စီးစေရန် နည်းမျိုးစုံဖြင့် ဖျက်ဆီးနေခြင်းက လူငယ်ကျောင်းသူ ကျောင်းသားတို့၏အနာဂတ်ကို ပျက်စီးစေသည့်အပြင် နိုင်ငံ၏အနာဂတ်ကိုလည်း ထိခိုက်စေသည်။ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်ရေး၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး၊ ပညာရပ်ဝန်း ကျောင်းပရဝဏ်များ ငြိမ်းချမ်းသာယာရေးအတွက် နိုင်ငံချစ်သူတိုင်းက ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် မေ ၁၂

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ပါဠိပထမပြန် စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (ဆဋ္ဌမနေ့)အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်) ဆဋ္ဌမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၁၄၆၇၄ ပါး အနက် ၁၁၂၄၅ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၆၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ဆေးပညာဘွဲ့ရ အောင်စာရင်းထုတ်ပြန်ပြီးသူများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စေရေး ကြေညာချက်

၁။ ဆေးတက္ကသိုလ်များ၏ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ပြီး၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလများတွင် ဆေးပညာဘွဲ့ရ အောင်စာရင်းထုတ်ပြန်ပြီးသူ စုစုပေါင်း (၁၂၂၂) ဦးတို့သည် သက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ပထမနှစ်သင်တန်းသို့ စတင်တက်ရောက်စဉ်ကတည်းက တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ စည်းမျဉ်း စည်းကမ်းများအတိုင်း "ဘွဲ့ရရှိပြီးနောက် နိုင်ငံတော်မှ လိုအပ်သည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်ကြာ မပျက်မကွက်တာဝန်ထမ်းဆောင်ပါမည်"ဟု ကတိခံဝန်ချက် လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ နိုင်ငံတော်တွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆရာဝန်များ လိုအပ်လျက်ရှိခြင်းကြောင့် အဆိုပါ (၁၂၂၂) ဦးသည် သင်တန်းတက်ရောက်စဉ်က ချုပ်ဆိုခဲ့သည့် ကတိခံဝန်ချက်အတိုင်း နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်မပျက်မကွက် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၄-၅-၂၀၂၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ် (၂၀) ၌ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရခြင်းအကြောင်းနှင့် ဓလေ့ထုံးစံများကို တန်ဖိုးထား ထိန်းသိမ်းတတ်ရမည့်အကြောင်း တင်ဆက်ထားသည့် "ကဆုန်ညောင်ရေသွန်းပွဲတော် ဆင်နွှဲပျော်" မျက်နှာဖုံးကာတွန်း၊ "အဝေးကြည့်မှန်ပြောင်း" အကြောင်း ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် သုတဆောင်းပါး၊ မိမိ၏ အလုပ်တာဝန်ကို သူတစ်ပါးအပေါ် လွှဲချခဲ့မိသော ဖြိုးရဲအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ဖြိုးရဲ၏ ညာမိတဲ့အပြစ်" နှစ်မျက်နှာကာတွန်း၊ မီးဘေးသင့်သူများအပေါ် စေတနာထားကာ ပရဟိတလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပါဝင်ကူညီပေးကြသော လူငယ်လေးအချို့အကြောင်းကို တင်ဆက်ထားသည့် "စေတနာရှင် ပရဟိတ" ဝတ္ထုကဏ္ဍ၊ ဖိနပ်အသစ်ဝယ်ပေးရတော့မည့် တီလေး အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "တုံတုံ" တစ်မျက်နှာကာတွန်း၊ ဥသြငှက်ကလေး ကူကူးအကြောင်းကို ကလေးတို့ စိတ်ဝင်စားဖွယ်ရေးဖွဲ့ထားသည့်"ချစ်သားသားလေးကူကူး" ပုံပြင်ကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

## နွေရာသီကျောင်းပိတ်ရက်အတွင်း တပ်ကုန်းမြို့၌ ပန်းချီအနုပညာ လက်တွေ့သင်ကြား



တပ်ကုန်း မေ ၁၂

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း တော်ဝင်ခန်းမတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကျောင်းသား ကျောင်းသူ ၅၈ ဦး တို့က ပန်းချီ အနုပညာရပ်များကို စာတွေ့ လက်တွေ့ သင်တန်းဖွင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ပန်းချီအနုပညာ ဘာသာရပ်ကို ဆရာ ဦးထင်ကျော် (ပန်းချီ- မောင်ထင်ကျော်) က တာဝန်ခံ သင်ကြားပြသပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ သင်ကြားလျက်ရှိသည်ကို ယနေ့နံနက်ပိုင်းက တွေ့မြင်ရသည်။ **စိုင်း(သီပေါ)**



## ရမ်းဗြဲမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုး

နေပြည်တော် မတ် ၁၂

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ရမ်းဗြဲမြို့နယ် ဝန်ဖိုက်ဒီရေတောနှင့် ဝန်ဖိုက်သစ်တောကြိုးဝိုင်း အကွက် အမှတ်(၁)တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါသစ်ပင်စိုက်ပျိုးပွဲကို ရမ်းဗြဲမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် လှိုင်ခေါင်ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများက ဝန်ဖိုက်ကြိုးဝိုင်းတွင် စုစုပေါင်းပျိုးပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ မိုဘိုင်းလ်ဖုန်းဖြင့် ဗီဒီယိုတည်းဖြတ်နည်း သင်တန်းဖွင့်လှစ်

အုတ်တွင်း မေ ၁၂

အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် မိုဘိုင်းလ်ဖုန်းဖြင့် ဗီဒီယိုတည်းဖြတ်နည်းသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်ရာ သင်တန်းကို ပြန်/ဆက် ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာနှင့် စာကြည့်တိုက် လက်ထောက်-၃ ဦးစည်သူထက်တို့က မိုဘိုင်းလ်ဖုန်းဖြင့် ဗီဒီယိုတည်းဖြတ်နည်းသင်တန်းကို မေ ၁၃ ရက်အထိ သုံးရက်တာ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ခင်ခင်မာ (ပြန်/ဆက်)**

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအလိုက် တိုတောင်းသည့် ကာလအတွင်း အဖြေတစ်ခုခု ရရှိစေရန်အတွက် အဖွဲ့အစည်းများအလိုက် ဥက္ကဋ္ဌနှင့် ညှိနှိုင်းတိုင်ပင်နိုင်ရန် နှစ်ဦးတို့ကို မိမိနှင့် သီးခြားစီတွေ့ဆုံရန် စီမံဆောင်ရွက်ခဲ့၊ လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် ထိုသို့ဖိတ်ခေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ ထိုသို့တွေ့ဆုံဆွေးနွေးမှုကြောင့် ရသင့်သည့် အဖြေတစ်ခုရရှိလာမည် ဖြစ်ပြီး ထပ်မံတွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်**
- **မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်း နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့၊ တပ်မတော်သည် ပြည်သူများမှ ပေါက်ဖွားလာခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် အစိုးရစနစ်ဖြစ်ပြီး ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်၊ တိုင်းရင်းသားနယ်မြေ များအလိုက် လိုအပ်ချက်များ၊ တောင်းဆိုချက်များနှင့် အခွင့်အာဏာများ ခွဲဝေခံစားခြင်း၊ မျှဝေ ခံစားခြင်းများရရှိစေရန် ဆောင်ရွက်ရန်လို၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားရမည်**

❊ *ရှေ့ဖုံးမှ*

ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညား အောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် ဆောင်ရွက်လျက်ရှိမှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုနှင့် ပတ်သက်၍ ဧပြီ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေး ဖိတ်ခေါ်မှု ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် စိန်ရတုပြည်ထောင်စုနေ့ ကျရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် စိန်ရတုလွတ်လပ်ရေးနေ့ ကျရောက်မည်ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ပြည်သူများအားလုံး ငြိမ်းချမ်းမှုအရသာ၊ ဒီမိုကရေစီ၏ အနှစ်သာရကို အပြည့်အဝ မခံစားရသေးကြောင်း၊ သဘောထား ကွဲလွဲမှုအမျိုးမျိုးကြောင့် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ပြီး အဆိုပါပဋိပက္ခများကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဖြေရှင်းရန် မိမိအနေဖြင့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့နှင့် (၇၇) နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းတို့တွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ကန့်သတ်ချက်ရှိမှုများကြောင့် ထိုက်သင့်သလောက် တိုးတက်မှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ အချို့ EAO များ အနေဖြင့် ၎င်းတို့နယ်မြေတွင် ရောက်ရှိနေသော PDF အကြမ်းဖက်သမားများကြောင့်လည်း အခက်အခဲတချို့ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကိုယ်တိုင်ဖိတ်ခေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တွေ့ဆုံရန် ဆောင်ရွက်ရာတွင်လည်း အမြန်ဆုံးတွေ့ဆုံနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အလိုက် တိုတောင်းသည့် ကာလအတွင်း အဖြေတစ်ခုခုရရှိစေရန်အတွက် အဖွဲ့အစည်းများအလိုက် ဥက္ကဋ္ဌနှင့် ညှိနှိုင်းတိုင်ပင်နိုင်ရန် နှစ်ဦးတို့ကို မိမိနှင့် သီးခြားစီတွေ့ဆုံရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်စွာ ဆွေးနွေးနိုင်ရန်အတွက် ထိုသို့ဖိတ်ခေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးမှုကြောင့် ရသင့်သည့် အဖြေတစ်ခုရရှိလာမည် ဖြစ်ပြီး ထပ်မံတွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရာတွင်လည်း နှစ်ဖက်ညှိနှိုင်းမှုများ ပြုလုပ်၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင်လည်း ဒီမိုကရေစီ၏ အနှစ်သာရကို ပျက်ယွင်းမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရေး နှစ်ဖက်မျှတမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သည့် လွတ်လပ်မှု၏ အရသာ၊ ဒီမိုကရေစီ၏ အနှစ်သာရကို ခံစားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်သည် ပြည်သူများမှ ပေါက်ဖွားလာခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အစိတ်အပိုင်း တစ်ခုလည်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် အစိုးရစနစ်ဖြစ်ပြီး ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ တိုင်းရင်းသား နယ်မြေများအလိုက် လိုအပ်ချက်များ၊ တောင်းဆိုချက်များနှင့် အခွင့်အာဏာများ ခွဲဝေခံစားခြင်း၊ မျှဝေခံစားခြင်းများရရှိစေရန် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ၁၈၈၆ ခုနှစ်တွင် လွတ်လပ်ရေး မဆုံးရှုံးမီအချိန်အထိ ဘုရင့်နိုင်ငံအဖြစ် တည်ရှိခဲ့ကြောင်း၊ ကျယ်ပြန့်သော နိုင်ငံတော်အဖြစ် တည်ထောင်ခဲ့သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တို့၏ ခေတ်သုံးခေတ်ရှိကြောင်း၊ အဆိုပါခေတ် သုံးခေတ်တွင် မိမိတို့နိုင်ငံ၏ နယ်နိမိတ်သည် ယခုထက်ပိုမို ကျယ်ဝန်းကြောင်း၊ သို့သော် နယ်ချဲ့လက်အောက် ကျရောက်ခဲ့ချိန်တွင် နယ်နိမိတ်များ ပြန်လည်ဆုံးရှုံးခဲ့ကြောင်း၊ ဘုရင်ခေတ်တွင် အုပ်ချုပ်မှုနယ်ပယ်များ အလိုက် အဆင့်ဆင့်အုပ်ချုပ်ခဲ့ကြပြီး တစ်နိုင်ငံလုံးကို ဘုရင့်ဩဇာ သက်ရောက်မှုရှိသည်ကို သမိုင်းများအရ သိရှိရကြောင်း၊ နယ်ချဲ့များ အုပ်ချုပ်ခဲ့ချိန်တွင်လည်း ပြည်မဒေသကို တိုက်ရိုက်အုပ်ချုပ်၍ တောင်တန်းဒေသများကို ပုံစံတစ်မျိုးဖြင့် ခွဲခြား၍ အုပ်ချုပ်ခဲ့သော်လည်း အုပ်ချုပ်မှုအားလုံးသည် နယ်ချဲ့အစိုးရလက်အောက်တွင်သာရှိကြောင်း၊ မြန်မာပြည် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းချိန်တွင် နယ်ချဲ့များက တောင်တန်းဒေသနှင့် ပြည်မခွဲ၍ လွတ်လပ်ရေးပေးရန်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် တောင်တန်းဒေသမှ စော်ဘွားများက လက်ခံမှုမရှိခြင်းကြောင့် ပင်လုံအစည်းအဝေး ကျင်းပ၍ ပင်လုံစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်၍ တစုတစည်းတည်းသော ပြည်ထောင်စုအဖြစ် နိုင်ငံလွတ်လပ်ရေးကို ရရှိအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်စသည့် ဖွဲ့စည်းအုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးအုပ်ချုပ်ခဲ့မှုများရှိခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြန်လည်ကြည့်မည်ဆိုပါက လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေထားပြီးဖြစ်သဖြင့် ဖက်ဒရယ်စနစ်သဘောတရားများအတိုင်းသာ ရေးဆွဲထားခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့်အတူ ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်ရေးအတွက် အဖွဲ့ဝင် ၂ ဦးကိုပါ ဖိတ်ခေါ်ထားပါကြောင်း၊ လက်ရှိအချိန်အထိ အကြောင်းပြန်ခဲ့သည်မှာ NCA လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့ ၇ ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးခြင်း မပြုသေးသည့် အဖွဲ့ ၃ ဖွဲ့ လာရောက်မည်ဟု အကြောင်းပြန်ခဲ့ကြောင်း။

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ ကိုယ်တိုင်တက်ရောက်နိုင်ရေး ဖိတ်ကြားခြင်းဖြစ်သော်လည်း အချို့သောအဖွဲ့များမှ ဥက္ကဋ္ဌများ ကျန်းမာရေးဆိုင်ရာ အခက်အခဲများရှိခြင်းကြောင့် ဥက္ကဋ္ဌကိုယ်စားပြုသူများကို စေလွှတ်ခြင်းများရှိကြောင်း၊ ၎င်းတို့အနေဖြင့် အာမခံချက်များ ရှိရန်လိုပါကြောင်း၊ ယခုငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ထိရောက်သည့် အဖြေတစ်ခု ထွက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ EAO များ၏ အလိုဆန္ဒများ၊ တိုင်းပြည်၏ အလိုဆန္ဒများဖြင့် နှစ်ဖက်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး အကျိုးရှိသည့် ဆွေးနွေးပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များနှင့်ပတ်သက်၍လည်း ဖြစ်သင့်သည်၊ မဖြစ်သင့်သည်ကို ကောင်စီအစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုပြောကြားနေခြင်းသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်ပင်နေခြင်းသာဖြစ်ပြီး ထပ်မံ၍လည်း သီးသန့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

### ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ကြားရန် လိုအပ်မှု

ဧပြီ ၂၄ ရက်တွင် အခြေခံပညာကျောင်းများအားလုံး၏ အောင်စာရင်းကို ထုတ်ပြန်ပေးခဲ့ကြောင်း၊ လာမည့် ဇွန်လတွင်လည်း အခြေခံပညာကျောင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး လိုအပ်လျက်ရှိသည့် ဆရာ ဆရာမများ ထပ်မံဖြည့်တင်းပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ တက္ကသိုလ်များနှင့် ကောလိပ်များကိုလည်း ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်နည်းပြ ဆရာ ဆရာမများ လုံလောက်စွာ ခန့်အပ်နိုင်ရေးအတွက်လည်း အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများအားလုံး အရည်အချင်းများ ပြည့်ဝနေရန်လိုကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာ သင်ကြားမည့် ကျောင်းသား ကျောင်းသူများ အားလုံးကျောင်းနေရန်လိုကြောင်း၊ ပညာပြီးမြောက်အောင် သင်ကြားမှုမရှိပါက ကျောင်းသား ကျောင်းသူများ၊ မိဘများသာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှုများရှိကြောင်း၊ နိုင်ငံတော်အတွက် အလုပ်လုပ်နိုင်မည့် လုပ်အားများ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံသားတစ်ဦးချင်း၏ ဆုံးရှုံးနစ်နာမှုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ ဆေးတက္ကသိုလ် တက်ရောက်ရန်အတွက် ကျောင်းလာရောက်အပ်နှံသူ ၅၀ ရာခိုင်နှုန်းကျော်ခန့်ရှိပြီး ဆက်လက် လာရောက်သင်ကြားမည့်သူများ ရှိကြောင်း။

### ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှု

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ ပြုန်းတီးမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်း လိုအပ်လျက်ရှိသည့် ဒေသများတွင် တပ်မတော်မှ ဆေးဝန်ထမ်း တပ်ဖွဲ့များကို တွဲဖက်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သင်တန်းဆင်း ကျန်းမာရေးဝန်ထမ်းများကိုလည်း နိုင်ငံတော် တာဝန်များထမ်းဆောင်နိုင်ရေး ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်သူများ ကျန်းမာရေး ဝန်ဆောင်မှုပြည့်ဝစွာ ရရှိစေရန်အတွက် ဆေးရုံများကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်၍လည်း ၂၀၂၁ ခုနှစ်အတွင်း ကူးစက်မှုနှုန်း မြင့်မားခဲ့မှုအတွက် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အားလုံးမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုအခါ ၀ ဒသမ ၂ ရာခိုင်နှုန်းအောက်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက်ရောက်ရှိပါက ထိန်းသိမ်းနိုင်သည့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အဆင့်သို့ ရောက်ရှိပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ပေးထားကြောင်း၊ သို့သော် မိမိတို့ အနေဖြင့် ရောဂါကူးစက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် အချို့သော ကိုဗစ်စည်းကမ်းချက်များကို ဆက်လက်လိုက်နာရန် လိုအပ်နေသေးကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင်လည်း ယခုအခါ အသက် ၁၈ နှစ်အထက် လူဦးရေ၏ ၉၂ ရာခိုင်နှုန်းကျော်ကို တစ်ကြိမ်နှင့်အထက် ထိုးနှံပေးပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိုးနှံမှုနည်းပါးနေသေးသဖြင့် တတ်နိုင်သမျှထိုးနှံပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အသက် ၁၅ နှစ်နှင့်အထက်ကို ဆက်လက်ထိုးနှံပေးလျက်ရှိပြီး ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများကိုလည်း ထိုးနှံပေးပြီးဖြစ်ကြောင်း။

## စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မှု

မိမိတို့ စတင်တာဝန်ယူချိန်တွင် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့သဖြင့် သွင်းကုန်များလျှော့ချ၍ ပြည်တွင်းထုတ်ကုန်များကို ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ရောဂါ ဖြစ်ပွားမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ မျှော်မှန်းသလောက် မရရှိခဲ့ကြောင်း၊ သွင်းကုန်၊ ထုတ်ကုန်များလည်း ပုံမှန်နှစ်များထက် နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဝင်ငွေများရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သွင်းကုန်များဖြစ်သည့် စက်သုံးဆီများ ချွေတာသုံးစွဲရန်နှင့် စားသုံးဆီများ လျှော့ချသုံးစွဲနိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများစွာရှိကြောင်း၊ သီးထပ်၊ သီးညှပ်များ စိုက်ပျိုး၍ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ GDP သည် တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူများ အပြည့်အဝ စိုက်ပျိုးနိုင်ရေး လိုအပ်သည်များကို နိုင်ငံတော်အစိုးရမှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမှုတစ်ဧကချင်း အထွက်နှုန်းများ တိုးတက်မှုရှိစေရေး ဆောင်ရွက်ရန်လိုသကဲ့သို့ လေလွင့်ဆုံးရှုံးမှုများ မရှိစေရေး စနစ်တကျဖြင့် ရိတ်သိမ်းခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများရရှိရေးအတွက် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ဇီဝမြေဩဇာများ လုံလောက်စွာ ရရှိနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့က ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲများကျင်းပနိုင်ရေး၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့အဝင်ဂိတ်များတွင် လက်နက်ခဲယမ်း စစ်ဆေးနိုင်သည့် စက်ကိရိယာများတပ်ဆင်ပေးရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန် ကျန်ရှိနေသည့် EAO များအား ဆွေးနွေးပွဲတက်ရောက်နိုင်ရန် ငြိမ်းချမ်းရေးလမ်းကြောင်း ဆက်လက်ဖွင့်လှစ်ပေးထားရေး၊ ဒစ်ဂျစ်တယ် ငွေကြေးစနစ်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးရေး၊ ပြည်တွင်းစားသုံးမှုကို မထိခိုက်စေရန် ပြည်ပသို့ ကျွဲ၊ နွားတင်ပို့မှုများ ထိန်းချုပ်၍ ပြည်ပမှ မျိုးသန့်အသားစားနွားများ မွေးမြူနိုင်ရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြမည့် EAO များအား အသိအမှတ်ပြုကြိုဆိုနိုင်ရေး၊ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ရာတွင် ရသင့်ရထိုက်သူများ မကျန်ရှိစေရေး စိစစ်ဆောင်ရွက်ပေးရေး၊ မြေယာစီမံခန့်ခွဲမှုများ၌ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပေးရေး၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အခြေခံကျန်းမာရေး သင်တန်းကျောင်းဖွင့်လှစ်ပေးရေး၊ ချင်းပြည်နယ်၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ ပုံမှန်ကျောင်းတက်နိုင်ရန် စီမံဆောင်ရွက်ပေးရေး၊ အချို့လေကြောင်းလိုင်းများတွင် ကိုဗစ်–၁၉ ရောဂါစစ်ဆေးဆောင်ရွက်မှုများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ မြေယာကိစ္စများတွင် ဝန်ထမ်းအချို့ မသမာမှုများရှိနေသည့်အတွက် စိစစ်ဖော်ထုတ် အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးကို ထိခိုက်အောင် လုပ်ဆောင်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ EAO များနှင့် တစ်ဖွဲ့ချင်းစီ တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အစိုးရနှင့်တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို အာမခံထားပြီးဖြစ်ကြောင်း၊ မြို့အဝင် စစ်ဆေးရေးဂိတ်များ၌ လုံခြုံရေးဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပြီး Online Banking စနစ် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကာ အခြေခံပြည်သူများ ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ကြောင်း။

တစ်နိုင်ငံလုံး လွှမ်းခြုံသည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်ပေးရန် ဆောင်ရွက်နေပြီး ကျန်းမာရေးဝန်ထမ်း ခန့်ထားစေလွှတ်နိုင်ရန် ဒေသငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးအုတ်မြစ် တစ်ခုချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရာတွင် ယုံကြည်မှု၊ ရိုးသားမှုနှင့် ပြည်ထောင်စုအကျိုးကို ရှေးရှု ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို စဉ်းစားဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချိန်ထိုးစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ **"ခုနက ကျွန်တော်တို့ ဆွေးနွေးတဲ့အချိန်မှာ အုပ်စုနှစ်ခု ကျွန်တော်တို့ တွေ့ပါတယ်။ တစ်ခုကတော့ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ ဒုတိယကတော့ NCA လက်မှတ်ရေးထိုးထားခြင်း မပြုရသေးတဲ့အဖွဲ့။ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့ထဲမှာ ၇ ဖွဲ့ တက်ဖို့ ရှိပါတယ်။ လက်မှတ်ရေးထိုးထားခြင်း မပြုရသေးတဲ့ အဖွဲ့ထဲမှာ ၃ ဖွဲ့ တက်ပါမယ်။ လက်မှတ်ရေးထိုးပြီးတော့မှ အကြောင်းပြပြီး မတက်တဲ့အဖွဲ့ ၃ ဖွဲ့ ရှိပါတယ်။ လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ အဖွဲ့ထဲက မတက်ဘူးလို့ ကြေညာထားတာ ၃ ဖွဲ့ ရှိပါတယ်။ ဒီမှာမူလက တက်မယ်လို့ ဆန္ဒရှိနေပြီးတော့မှ လာမတက်ဘူးဆိုပြီးတော့ ဆုံးဖြတ်ချက်ချခဲ့တာ KNU အဖွဲ့ဖြစ်ပါတယ်။ KNU ရယ် နောက်တစ်ခါ KIA ရယ်၊ KNPP ကတော့ အဲဒီနယ်မြေတွေမှာရှိတဲ့ တချို့သော သူတို့ဆီက အဖွဲ့အစည်းတွေက ကျွန်တော်တို့ဆီမှာ လက်ရှိ အကြမ်းဖက်လို့ သတ်မှတ်ထားတဲ့ PDF နောက်တစ်ခါ CRPH သူတို့နဲ့ ဆက်နွယ်နေတဲ့ဟာတွေ ရှိတာ တွေ့တယ်။ နောက်တစ်ခါ ဒီအဖွဲ့တွေက ပြည်ပနိုင်ငံရဲ့ ပတ်သက်မှုနဲ့ ဆက်နွယ်နေတယ်လို့လည်း ကျွန်တော်တို့ သိထားပါတယ်။ ဒါကြောင့်လည်း သူတို့က ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲနဲ့ ပတ်သက်ပြီးတော့ မတက်ဘူးဆိုတဲ့အကြောင်း ထုတ်ပြန်ခဲ့တာဖြစ်တယ်လို့ ကျွန်တော်တို့ တွေ့ရှိရပါတယ်။**

**နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်း အရေးမှာ ပြည်ပကပါဝင်နေသမျှ ကာလပတ်လုံး တိုင်းပြည်တည်ငြိမ် အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့ အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ တခြားပြည်ပ နိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ ဖြစ်မယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ အားနဲ့ပဲရအောင် ဆွေးနွေးပြီးတော့မှ ကျွန်တော်တို့ သွားချင်တဲ့၊ ပြည်သူကနေ သွားချင်တဲ့ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရောက်အောင် ကျွန်တော်တို့ ချီတက်ပါမယ်။ ကျွန်တော်တို့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်လည်း ချမှတ်ထားတာ ဖြစ်ပါတယ်။ ဒီရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို အောင်မြင်အောင် လို့ဆိုတာလည်း ငြိမ်းချမ်းရေး ကိစ္စရပ်တွေကလည်း များစွာဆက်နွယ်နေပါတယ်။ ဒါကြောင့် ဒီငြိမ်းချမ်းရေးကို ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ ပြည်သူများရဲ့ ဆန္ဒနဲ့အညီ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒေသတစ်ခုတည်း၊ အုပ်စုတစ်ခုတည်းကို သွားပြီးတော့မှ အလေးထားဆောင်ရွက်သွားမယ်ဆိုလို့ရှိရင်တော့ ပြည်သူအများရဲ့ ဆန္ဒနဲ့ ကိုက်ညီဖို့ကတော့ ခဲယဉ်းတယ်ဆိုတာလေးလည်း ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ တကယ်ငြိမ်းချမ်းရေးလိုချင်လို့ရှိရင် ငြိမ်းချမ်းရေးလိုချင်တဲ့ စိတ်နဲ့ လာကြဖို့ရယ်၊ ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ ဒီမိုကရေစီ တကယ်မှန်မှန်ကန်ကန် ဖြစ်ချင်တယ်ဆိုလို့ရှိရင် ဒီမိုကရေစီလိုချင်တဲ့ ဆန္ဒရယ်၊ ပြည်ထောင်စုအတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်မယ်ဆိုတဲ့ အမြင်ရှိတယ်ဆိုရင် ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုရင် ဒီငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် မအောင်မြင်စရာအကြောင်းမရှိဘူးလို့ ကျွန်တော်တော့ မြင်ပါတယ်"** ဟု ပြောကြားသည်။

ယင်းနောက် ဒီမိုကရေစီစနစ် ဆိုသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခွဲဝေ ခံစားစေခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်း နေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကလိုအပ်ချက်သည် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ပေါများရေးပင် ဖြစ်ကြောင်း၊ သာယာဝပြောရေး ဆိုသည်မှာ ငြိမ်းချမ်းရေးကို အခြေခံ၍ အလုပ်အကိုင်အခွင့်အလမ်းများအားလုံးကို ဒီမိုကရေစီနည်းလမ်းနှင့် အညီ ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်သာယာဝပြောမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်ကို ဦးဆောင်နေသည့် အစိုးရက ဖန်တီးဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖန်တီးပေးနိုင်မှသာ စားရေရိက္ခာများလည်း ပေါများလာမည်ဖြစ်ကြောင်း၊ အဆိုပါ ကိစ္စရပ်နှစ်ခုသည် အပြန်အလှန်ချိတ်ဆက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိရေး မျှော်မှန်းချက်ထား ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❍ သွင်းကုန်များဖြစ်သည့် စက်သုံးဆီများ ချွေတာသုံးစွဲရန်နှင့် စားသုံးဆီများ လျှော့ချသုံးစွဲနိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများစွာရှိ၊ သီးထပ်၊ သီးညှပ်များ စိုက်ပျိုး၍ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ GDP သည် တိုးတက်လာမည်ဖြစ်**

**❍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်ပေးရန် ဆောင်ရွက်နေပြီး ကျန်းမာရေးဝန်ထမ်း ခန့်ထားစေလွှတ်နိုင်ရန် ဒေသငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိ၊ မိမိတို့အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးအုတ်မြစ် တစ်ခုချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိ၊ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရာတွင် ယုံကြည်မှု၊ ရိုးသားမှုနှင့် ပြည်ထောင်စုအကျိုးကိုရှေးရှု**

# AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၂**

AHA Centre မှ တစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

**ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၏ နောက်ဆက်တွဲလုပ်ငန်းများ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဒုတိယအဆင့်အတွက် ပူးတွဲလေ့လာဆန်းစစ်ချက်နှင့် ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်မည့် နေရာဒေသများ သတ်မှတ်ရေး၊ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်ချက်အဖွဲ့မှ လုပ်ငန်းတာဝန်များအား သတ်မှတ်ဒေသများတွင် လုံခြုံထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးအစီအစဉ်နှင့် ပူးတွဲကာကွယ်ဆေးထိုးနှံပေးရေး မူဘောင်တို့အတွက် အထောက်အကူဖြစ်စေမည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# လယ်ယာမြေများကို အသုံးချမှု ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျစီမံခန့်ခွဲရေးနှင့် လယ်ယာကဏ္ဍဆိုင်ရာ အချက်အလက်စာရင်းဇယားများ မှန်ကန်စေရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၂**

လယ်ယာမြေများကို အသုံးချမှု ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျစီမံခန့်ခွဲရေးနှင့် လယ်ယာကဏ္ဍဆိုင်ရာ အချက်အလက်စာရင်းဇယားများ မှန်ကန်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဆွေးနွေးပြောကြားရာတွင် မြေအသုံးချမှုဆိုင်ရာ စာရင်းအချက်အလက်များနှင့် ခိုင်မာမှန်ကန်သည့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်း သတင်းအချက်အလက်စနစ် ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ယင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူများ၏ စွမ်းဆောင်ရည် မြင့်မားရေးနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခြေအနေကောင်းများ ဖန်တီးပေးရန် လိုကြောင်း။

**ဆွေးနွေးပြောကြား**

အခြား တစ်ဖက်တွင်လည်း မြေယာများကိုထိထိရောက်ရောက် အသုံးချနိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာကို စနစ်တကျအသုံးပြုပြီး ပိုမိုတိကျမှန်ကန်သည့် မြေကြီးမြေပုံများဖြစ်စေရေးနှင့် သီးနှံထုတ်လုပ်မှု စာရင်းများဖြစ်စေရေး၊ လယ်ယာမြေတိုင်းတာရေး၊ စီမံခန့်ခွဲမှုနှင့် စာရင်းအင်းစနစ်များ တိုးတက်ရေး ဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေကြီးမြေပုံမှန်ကန်ရေး၊ စာရင်းဇယားများမှန်ကန်ရေး၊ မြန်မာနိုင်ငံ လယ်ယာကဏ္ဍမှ ထုတ်လုပ်မှုများကို စနစ်တကျ မှတ်တမ်းပြုစုရေး၊ မြေများကို စီမံခန့်ခွဲမှုသာမကဘဲ မြေအခွန်အခများရရှိရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်နယ်ဦးစီးဌာနမှူးများက ဒေသအလိုက် စိုက်ပျိုးမြေအသုံးချနိုင်မှု အခြေအနေများ၊ သီးနှံခန့်မှန်းခြေ (Crop Forecast) လုပ်ငန်းနှင့် သီးနှံတိုင်းတာခြင်းလုပ်ငန်း (Crop Survey)ဆောင်ရွက်နေမှုဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကြိုးပမ်းဆောင်ရွက်**

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရေး၊ လယ်ယာမြေနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများကို အသုံးချသူများထံသို့ အချိန်မီရောက်ရှိစေရေး၊ စီးပွားရေးတိုးတက်နှုန်း GDP မှန်ကန်စွာ တွက်ချက်နိုင်ရေးအတွက် အရေးပါသည့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်စွာ ထုတ်ပြန်တင်ပြနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body–BGB) အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၂) ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံးမှ တစ်ဆင့် Online စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော ထုတ်လွှင့်မှုများ မပြုလုပ်မိစေရန် ဂရုပြုဆောင်ရွက်ရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ ဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု စာချုပ်ပါအချက်များ၊ မီဒီယာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပါအဝင် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိမည့် သတင်းအချက်အလက်နှင့် အစီအစဉ်များ ထည့်သွင်းထုတ်လွှင့်ရေး၊ သတင်းတု၊ သတင်းမှားများ ချေဖျက်နိုင်မည့် သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်နိုင်ရေး၊ ဝန်ထမ်းများနှင့် စက်ပစ္စည်းများ လုံခြုံရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၁ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို လစဉ်ပြုလုပ်၍ ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# သတိပြုရမည့် စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲနှင့် သတင်းအတု၊ သတင်းအမှားများ၏ အန္တရာယ်

မင်းခန့်

**မြန်မာနိုင်ငံရဲ့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ သတင်းအတု၊ သတင်းအမှားတွေကို ရည်ရွယ်ချက်ရှိရှိ ထပ်တလဲလဲဖြန့်ချိနေကြတာကို နေ့စဉ်ရက်ဆက် တွေ့ရှိနေရပါတယ်။ အထူးသဖြင့် ပြည်သူလူထုအသုံးများတဲ့ Facebook စာမျက်နှာတွေမှာ မီဒီယာအမည်ခံ Account အမျိုးမျိုးနဲ့ သတင်းစာသား၊ ဓာတ်ပုံ၊ ဗီဒီယိုများအသုံးပြုပြီး လုပ်ကြံဖန်တီးထားတဲ့ သတင်းအတုတွေ၊ လိုရာဆွဲပြီး အမှန်၊ အမှားရောနှောထားတဲ့ သတင်းအမှားတွေကို ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက လုပ်ဆောင်နေတာ မြင်တွေ့ရမှာဖြစ်ပါတယ်။**

> ❖ **"လုပ်ကြံသတင်းအတု" ဆိုတာကတော့ ဖြစ်စဉ်လုံးဝမရှိဘဲ မြေပြင်မှာ အမှန်တကယ်ဖြစ်နေသလိုမျိုး ဓာတ်ပုံ၊ ဗီဒီယိုများအား ဖြတ်ညှပ်ကပ်ပြုလုပ်၍ လုပ်ကြံဖန်တီးရေးသားဖော်ပြနေသော သတင်းများ ဖြစ်ပါတယ်။ အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုများကို နေ့စဉ်နဲ့ အမျှ ကိန်းဂဏန်းအရေအတွက် အများအပြား ဖော်ပြရေးသားလေ့ရှိကြောင်း တွေ့ရှိရပါတယ်။**
>
> ❖ **"ပုံဖျက်သတင်းအမှား" ဆိုတာကတော့ မြေပြင်ဖြစ်စဉ်အမှန်ကို အခြေခံပြီး သူတို့ပုံဖော်လိုတဲ့အချက်ကို ပုံကြီးချဲ့ လိုရာဆွဲရေးသားတဲ့ သတင်းများ ဖြစ်ပါတယ်။ ပုံဖျက်သတင်းအမှားများ ဖော်ပြတဲ့အခါ ဗုံးပေါက်ကွဲမှုနဲ့ တိုက်ပွဲဖြစ်စဉ် အမှန်သတင်းတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိပေမယ့်လည်း ထိခိုက်ကျဆုံးမှု အများအပြား ဖော်ပြပြီး အမှန်၊ အမှား ရောထွေးဖော်ပြလေ့ရှိပါတယ်။**

" အမှားပြောပါများတော့ အမှန်ထင်လာတယ်" ဆိုတဲ့အတိုင်းပဲ ဒီလို သတင်းအတု၊ သတင်းအမှားတွေကို နေ့စဉ်ရက်ဆက် ထပ်တလဲလဲ တွေ့မြင်ဖတ်ရှုနေရတဲ့အခါ လူမှုကွန်ရက်အသုံးပြုသူ ပြည်သူများက အမှားကို အမှန်ထင်၊ တံလျှပ်ကို ရေထင်ပြီး ရွေ့သမင်အလိုက်မှားကြပါတော့တယ်။ ဒီလိုဖြစ်တာက လူမှုကွန်ရက်ကို သာမန်အသုံးပြုသူများသာမက ချင့်ချိန်စိစစ်ပြီး အသုံးပြုသူများကိုယ်တိုင်ထင်ယောင်ထင်မှားဖြစ်လာတာတွေကို တွေ့ရှိနေရပါတယ်။ ဒါက ဘာကိုပြဆိုနေသလဲဆိုရင် မြန်မာနိုင်ငံအနေနဲ့ စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲ ဆင်နွှဲခံနေရပြီဆိုတာ သေချာစေတဲ့ အချက်ပေးခေါင်းလောင်းထိုးနေခြင်း ဖြစ်ပါတယ်။

### စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲ

စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲဟူသည်မှာ အသစ်အဆန်းတော့မဟုတ်ပါ။ သမိုင်းမတင်မီခေတ်ကတည်းက စစ်ပွဲတွေမှာ ပြိုင်ဘက်ရဲ့ စိတ်ဓာတ်စွမ်းရည်ကျဆင်းစေရန် အသုံးပြုခဲ့ကြတဲ့ နည်းနာတစ်ခုပဲ ဖြစ်ပါတယ်။ သမိုင်းကြောင်းလေးကို အကျဉ်းမျှ ပြဆိုလိုပါတယ်။ ဘီစီ ၅၂၅ လောက်က ပါရှန်အင်ပါယာနဲ့ အီဂျစ်တို့ဖြစ်ပွားခဲ့တဲ့ Pelusium စစ်ပွဲမှာ ပါရှန်တို့ဘက်က ကြောင်သတ္တဝါတွေကို ဓားစာခံအဖြစ် အသုံးပြုခဲ့ကြပါတယ်။ ဒီလိုသုံးရတဲ့ အကြောင်းက အီဂျစ်တို့ဘက်က ဘာသာရေးယုံကြည်ချက်နဲ့ ဂါထာမန္တာန်တချို့ကြောင့် ကြောင်သတ္တဝါတွေကို အထွတ်အမြတ်ထားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဘာသာရေးကန့်သတ်ချက်ကို စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းတစ်ခုအနေနဲ့ သုံးခဲ့ခြင်းဖြစ်ပါတယ်။

ပထမကမ္ဘာစစ်အတွင်းမှာ ဗြိတိသျှတို့က ဂျာမနီကို ရင်ဆိုင်ရာမှာ လက်ကမ်းစာစောင်များဖြန့်ဝေတဲ့ စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းကို အသုံးချခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ အသံလွှင့်ဌာနတွေကနေတစ်ဆင့် ဝါဒဖြန့်ချိခြင်းနည်းလမ်းတွေကို စတင်အသုံးပြုခဲ့ကြပါတယ်။ ယခုကာလမှာတော့ အင်တာနက်နဲ့ လူမှုကွန်ရက်တွေဟာ စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ရာမှာ အဓိကအခန်းကဏ္ဍကနေပါဝင်လာပြီး ပစ်မှတ်နိုင်ငံ၊ လူ့အဖွဲ့အစည်း၊ အုပ်စုတွေရဲ့ အယူအဆ သဘောတရားတွေ၊ ယဉ်ကျေးမှုတွေ၊ အတွေးအခေါ်အယူအဆတွေ ပြောင်းလဲလာအောင် သတင်းအတု၊ သတင်းအမှားများ အပါအဝင် စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းမျိုးစုံကို အသုံးချကြပါတယ်။

> ❊ **လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှားများဟာ လူမှုကွန်ရက်အသုံးပြုတဲ့ ပြည်သူများအတွက် သတင်းအဆိပ်အတောက်ဖြစ်စေပြီး ဆင်ခြင်သုံးသပ်နိုင်မှုအားနည်းတဲ့ ပြည်သူအချို့ယုံကြည်ပြီး အားပေးလှုံ့ဆော်မှုတွေဖြစ်ပေါ်နေတာ ယနေ့ ပကတိအရှိတရား ဖြစ်ပါတယ်။ ဒါ့ကြောင့် လုပ်ကြံသတင်းအတု၊ သတင်းအမှားများကို စိစစ်မှုမရှိဘဲ သတင်းအဆင့်အတန်းမရှိ၊ မီဒီယာကျင့်ဝတ်သိက္ခာမဲ့စွာ သတင်းအဆိပ်အတောက်များကို ထပ်ခါတလဲလဲ ရေးသားဖော်ပြနေကြတဲ့ ပြည်တွင်း၊ ပြည်ပ မီဒီယာအမည်ခံသတင်းဌာနတွေကို ပြည်ဖျက်မီဒီယာများလို့ သတ်မှတ်ရမှာဖြစ်ပါတယ်**

မြန်မာနိုင်ငံနဲ့ နီးစပ်တဲ့ဒေသတွင်းနိုင်ငံတစ်ခုမှာ ဖြစ်ခဲ့တဲ့ ဥပမာကို ပြဆိုရရင် ဗီယက်နမ်စစ်ပွဲတွင် အသုံးပြုခဲ့တဲ့ အမေရိကန်တို့ရဲ့ Phoenix Program နဲ့ Chieu Hoi Program ဆိုတာ အထူးထင်ရှားပါတယ်။ Phoenix Program ကတော့ Viet Cong တွေထဲကို စိမ့်ဝင်ထိုးဖောက်ရေး၊ စိတ်ဓာတ်ပျက်ပြားအောင် စစ်ကြောရေးနဲ့ ညှဉ်းပန်းနှိပ်စက်ရေး အပါအဝင် အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ရေးတွေ အထိ ပါဝင်ပါတယ်။ Chieu Hoi Program ကတော့ Viet Cong တွေ ဘက်ပြောင်းလာစေရေးကို အဓိကထားတာဖြစ်ပါတယ်။ Phoenix Program ကြောင့် သာမန်ပြည်သူတွေနဲ့ Viet Cong ၈၁၇၄၀ ဖမ်းဆီးခံခဲ့ရပြီး ၂၆၃၆၉ ဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရပါတယ်။ Chieu Hoi Program ကြောင့် Viet Cong ၁၀၁၅၁၁ ဦး ဘက်ပြောင်းစေခဲ့ပါတယ်။

ယခုအချိန်မှာတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တို့အသုံးပြုခဲ့တဲ့ Phoenix Program နဲ့ Chieu Hoi Program ဆန်ဆန် စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းတွေကို အင်တာနက်နဲ့ ဆိုရှယ်မီဒီယာတွေမှာ အသုံးချပြီး လုပ်ဆောင်နေတာကို ထင်ထင်ရှားရှားတွေ့ရှိနေရလို့ နိုင်ငံတော်လုံခြုံရေးအတွက် အထူးသတိပြုရမယ့် အချိန်အခါဖြစ်ပါတယ်။

### နိုင်ငံရေးအပြောင်းအလဲ

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်စေခဲ့တဲ့ စနစ်တကျ မဲလိမ်/မဲခိုးပြီး အစိုးရအခွင့်အာဏာကို ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အသုံးချခဲ့တဲ့ အကြောင်းရင်းကို မျက်ကွယ်ပြုပြီး တပ်မတော်က အခြေခံဥပဒေအရ အာဏာထိန်းသိမ်းမှုကို စစ်အာဏာသိမ်းမှုအသွင် ပုံဖော်ခဲ့ကြပါတယ်။ ဒီလို လူမှုကွန်ရက်တွေပေါ်ကနေ ပုံဖော်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် စိတ်ဖိစီးပြီး မွန်းကျပ်နေတဲ့ ပြည်သူလူထုကို လမ်းပေါ်ဆွဲထုတ်ခဲ့ကြပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုလို့ ခေါင်းစဉ်တပ်ထားတဲ့ လူအုပ်ကြီးဟာ သိပ်မကြာလိုက်တဲ့ အချိန်ကာလအတွင်းမှာပဲ ပရမ်းပတာလူအုပ်စုကြီးအဖြစ် ပြောင်းလဲခံလိုက်ရပြီး မင်းမဲ့စရိုက်ဆန်ဆန် အဓိကရုဏ်းတွေနဲ့ အကြမ်းဖက်မှုတွေကို ကျူးလွန်ကြပါတော့တယ်။ တစ်ချိန်တည်းမှာ အမေရိကန်နိုင်ငံသားတစ်ဦးက အင်တာနက်ပေါ်ကနေ မြန်မာလူငယ်တွေကို အကြမ်းဖက် သင်တန်းပေးခဲ့ပါတယ်။ ဒါ့အပြင် ပြည်ပနိုင်ငံကြီးတချို့ရဲ့ ထောက်ပံ့မှုနဲ့ EAOs တချို့ကလည်း အကြမ်းဖက်သင်တန်းတွေပေးပြီး လက်နက်တပ်ဆင်ပေးခဲ့ကြပါတယ်။ ဒီလို အခြေအနေတွေက အခါအခွင့်သင့်လို့ ဖြစ်လာခဲ့တာမဟုတ်ဘဲ နောက်ကွယ်က ကြိုးကိုင်မှုတွေနဲ့ ချိတ်ဆက်ပြီး ပြည်သူလူထုက အသိမဲ့စွာနဲ့ သူတို့ဖြစ်စေချင်တဲ့အတိုင်း လိုက်ပါလုပ်ဆောင်လာအောင် စီမံနေကြခြင်းဖြစ်ပါတယ်။

အကြမ်းဖက်မှုကို လှုံ့ဆော်တဲ့ စိတ်ဓာတ်စစ်ဆင်ရေးတွေနဲ့ မြေပြင်က အပြစ်မဲ့ အရပ်သားပြည်သူတွေ၊ ဝန်ထမ်းတွေနဲ့ သံဃာတွေကို သတ်ဖြတ်မှုတွေက တစ်ပြိုင်တည်းဖြစ်ပေါ်နေသလို လူမှုကွန်ရက်ကနေ သတင်းအတု၊ သတင်းအမှားများနဲ့လည်း စဉ်ဆက်မပြတ် လှုံ့ဆော်မီးထိုးပေးလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ တစ်ဖက်ပိတ်လော်ဘီတွေ၊ လူမှုရေးအရ ဩဇာရှိသူတွေနဲ့ အသားထဲကလောက်ထွက်တဲ့ မီဒီယာတချို့ကို ငွေကြေးထောက်ပံ့ပြီး အကြမ်းဖက်မှုတွေဖြစ်ပွားအောင်၊ အကြမ်းဖက်မှုတွေကို အားပေးလာအောင်၊ အကြမ်းဖက်သမားများ စိတ်ဓာတ်တက်ကြွအောင်၊ တပ်မတော်သား/မိသားစုများ/ အမျိုးသားရေး သမားများနဲ့ တပ်မတော်ကို အားပေးထောက်ခံသူများ စိတ်ဓာတ်ကျဆင်းလာအောင် လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှားတွေထုတ်လွှင့်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဆင်နွှဲနေခြင်းဖြစ်ပါတယ်။

"လုပ်ကြံသတင်းအတု" ဆိုတာကတော့ ဖြစ်စဉ်လုံးဝမရှိဘဲ မြေပြင်မှာအမှန်တကယ်ဖြစ်နေသလိုမျိုး ဓာတ်ပုံ၊ ဗီဒီယိုများအား ဖြတ်ညှပ်ကပ်ပြုလုပ်၍ လုပ်ကြံဖန်တီးရေးသားဖော်ပြနေသော သတင်းများ ဖြစ်ပါတယ်။ အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ **ထိခိုက်သေဆုံးမှုများကို နေ့စဉ်နဲ့အမျှ ကိန်းဂဏန်းအရေအတွက် အများအပြား ဖော်ပြရေးသားလေ့ရှိကြောင်း တွေ့ရှိရပါတယ်။**

**"ပုံဖျက်သတင်းအမှား" ဆိုတာကတော့ မြေပြင်ဖြစ်စဉ်အမှန်ကို အခြေခံပြီး သူတို့ပုံဖော်လိုတဲ့အချက်ကို ပုံကြီးချဲ့ လိုရာဆွဲရေးသားတဲ့ သတင်းများ ဖြစ်ပါတယ်။ ပုံဖျက်သတင်းအမှားများ ဖော်ပြတဲ့အခါ ဗုံးပေါက်ကွဲမှုနဲ့ တိုက်ပွဲဖြစ်စဉ် အမှန်သတင်းတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိပေမယ့်လည်း ထိခိုက်ကျဆုံးမှု အများအပြား ဖော်ပြပြီး အမှန်၊ အမှား ရောထွေးဖော်ပြလေ့ရှိပါတယ်။**

ဒီလိုအခြေအမြစ်မရှိတဲ့ လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှားများဟာ လူမှုကွန်ရက်အသုံးပြုတဲ့ ပြည်သူများအတွက် သတင်းအဆိပ်အတောက်ဖြစ်စေပြီး ဆင်ခြင်သုံးသပ်နိုင်မှုအားနည်းတဲ့ ပြည်သူအချို့ယုံကြည်ပြီး အားပေးလှုံ့ဆော်မှုတွေ ဖြစ်ပေါ်နေတာ ယနေ့ပကတိအရှိတရား ဖြစ်ပါတယ်။ ဒါ့ကြောင့် လုပ်ကြံသတင်းအတု၊ သတင်းအမှားများကို စိစစ်မှုမရှိဘဲ သတင်းအဆင့်အတန်းမရှိ၊ မီဒီယာကျင့်ဝတ်သိက္ခာမဲ့စွာ သတင်းအဆိပ်အတောက်များကို ထပ်ခါတလဲလဲ ရေးသားဖော်ပြနေကြတဲ့ ပြည်တွင်း၊ ပြည်ပ မီဒီယာအမည်ခံ သတင်းဌာနတွေကို ပြည်ဖျက်မီဒီယာများလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

### သတင်းအတု၊ သတင်းအမှား

ပြည်ဖျက်မီဒီယာများရဲ့ နေ့စဉ်ဖော်ပြနေတဲ့ သတင်းများကို လူမှုကွန်ရက် သတင်းအတု၊ သတင်းအမှား စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ FACT CHECK ( Volunteer )အဖွဲ့က နေ့စဉ်စောင့်ကြည့်စိစစ်ဖော်ထုတ်ချက်များအရ Facebook စာမျက်နှာမှာ နေ့စဉ်သတင်းအတု၊ သတင်းအမှားအပုဒ်ရေ ၂၀ မှ ၃၀ ခန့်အထိ ရေးသားနေကြောင်း သိရှိရပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အစိုးရမဟုတ်တဲ့ ကြားနေ FACT CHECK (Volunteer)အဖွဲ့က သူတို့ရဲ့ စိစစ်တွေ့ရှိချက်တွေကို လူမှုကွန်ရက် Platform တွေဖြစ်တဲ့ Facebook၊ Telegram၊ Twitter များပေါ်မှာ နေ့စဉ်စိစစ်ပြီး သတင်းအမှန်၊ သတင်းအမှား ခွဲခြားဖော်ပြ ပေးနေတာကိုလည်း တွေ့မြင်နေရပါတယ်။ အဆိုပါအဖွဲ့ရဲ့ စိစစ်ထုတ်ပြန်ချက်များအနက် အနီးစပ်ဆုံး လတ်တလောကာလဖြစ်တဲ့ ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ပြည်ဖျက်မီဒီယာများက Facebook စာမျက်နှာပေါ်မှာ လုပ်ကြံသတင်းအတုနဲ့ ပုံဖျက်သတင်းအမှား အပုဒ် ၆၃၀ ရှိပြီး သတင်းအမှန်အနေနဲ့ ၃၂ ပုဒ်သာရှိကြောင်း သိရှိရပါတယ်။

အတုတွေသာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

"ပုံဖျက်သတင်းအမှား"အနေဖြင့် Khit Thit ကနေ ဧပြီလ ၂ ရက်နေ့မှာ ရေးသားဖော်ပြခဲ့တဲ့ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် စိမ်းလန်းရုံးနဲ့ ဝရင်ငယ်- ရွာသစ်ကျေးရွာအနီးမှာ စစ်ကောင်စီတပ်နဲ့ ပျူစောထီးပူးပေါင်းအဖွဲ့တွေကို PDF အဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ စစ်ကားတစ်စီး မီးလောင်ပြီး စစ်သားနဲ့ ပျူစောထီး ၁၅ ဦး သေဆုံးခဲ့တယ်ဆိုတဲ့ သတင်းတွေဟာ မိုင်းဆွဲဖြစ်စဉ်မှန်ကန်သော်လည်း စစ်ကားမီးလောင်ခြင်းမရှိ၊ ရဲ တစ်ဦးကျဆုံး၊ ပြည်သူ့စစ် တစ်ဦး ဒဏ်ရာရခဲ့ခြင်းသာဖြစ်ကြောင်း၊ DVB ကနေ ဧပြီလ ၇ ရက်နေ့မှာ ရေးသားဖော်ပြခဲ့တဲ့ မန္တလေး- မုံရွာကားလမ်းပေါ်မှာ စစ်ကောင်စီယာဉ်

**ဧပြီလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အထိ**
**ပြည်တွင်း/ပြည်ပ မီဒီယာအချို့၏ သတင်းတင်ထားမှုစစ်တမ်း**

| စဉ် | မီဒီယာအမည် | လုပ်ကြံသတင်းအတု | သတင်းအမှား | သတင်းအမှန် |
|---|---|---|---|---|
| ၁ | Khit Thit | ၁၈၉ | ၈၃ | ၉ |
| ၂ | DVB | ၇၉ | ၅၁ | ၈ |
| ၃ | Mizzima | ၈၀ | ၄၆ | ၈ |
| ၄ | Delta News Agency | ၃၄ | ၁၈ | ၃ |
| ၅ | Irrawaddy | ၁၃ | ၂ | ၂ |
| ၆ | Tachileik News Agency | ၁၉ | ၁၆ | ၂ |
| | စုစုပေါင်း | ၄၁၄ | ၂၁၆ | ၃၂ |

**သတင်းစိစစ်ချက် အသေးစိတ်အား**
https://www.facebook.com/profile.php?id=100077272015649
**ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

စိစစ်ဖော်ပြထားတဲ့ လုပ်ကြံသတင်းအတုများစွာထဲက ဥပမာအနေဖြင့် Mizzima က ဧပြီလ ၅ ရက်နေ့မှာ ရေးသားဖော်ပြခဲ့တဲ့ ချင်းပြည်နယ် မင်းတပ်မြို့ကနေ မတူပီမြို့ကို တက်လာသည့် စစ်ယာဉ်တန်းကို CDF-မင်းတပ်၊ The Youth Force နဲ့ CDF-မတူပီအဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ စစ်ကောင်စီတပ်ဘက်မှ ၅၀ ကျော် သေဆုံးခဲ့တယ်ဆိုတဲ့ သတင်း၊ Khit Thit ကနေ ဧပြီလ ၁၁ ရက်နေ့မှာ ရေးသားဖော်ပြခဲ့တဲ့ မကွေးတိုင်း ပေါက်မြို့နယ် ကျအိုးကျေးရွာအနီးမှာ စစ်ကောင်စီတပ်တွေနဲ့ PDF အဖွဲ့တွေကြား တိုက်ပွဲဖြစ်ပွားခဲ့ရာမှာ စစ်ကောင်စီဘက်က အနည်းဆုံး ၂၅ ဦးကျော် သေဆုံးခဲ့တယ်ဆိုတဲ့ သတင်း၊ DVB ကနေ ဧပြီလ ၁၉ ရက်နေ့မှာ စစ်ကိုင်းတိုင်း မုံရွာမြို့မှ ထွက်ခွာလာသည့် စစ်ကောင်စီတပ်ကို နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က PDF မဟာမိတ်လေးဖွဲ့ ပူးပေါင်း၍ မိုင်းစစ်ဆင်ရေးပြုလုပ်ခဲ့လို့ စစ်ကောင်စီဘက်က ၁၆ ဦး သေဆုံးခဲ့ပြီး Jammer ကားတစ်စီး ပျက်စီးခဲ့တယ်ဆိုတဲ့ သတင်းတွေဟာ ဖြစ်စဉ်လုံးဝမရှိဘဲ လုပ်ကြံဖန်တီးထားတဲ့ သတင်းတန်း ကားငါးစီးကို PDF မှ မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ စစ်သား ၃၀ မှ ၄၀ ခန့် သေဆုံးခဲ့တယ်ဆိုတဲ့ သတင်းကလည်း မိုင်းဆွဲဖြစ်စဉ် မှန်ကန်သော်လည်း စစ်သည် နှစ်ဦးသာ ဒဏ်ရာရရှိပြီး ကျဆုံးမှုမရှိကြောင်း သိရှိရပါတယ်။

**ထပ်ခါတလဲလဲ ထုတ်လွှင့်နေ**

ဒီလိုတွေ လုပ်ကြံသတင်းအတုတွေနဲ့ ပုံဖျက်သတင်းအမှားတွေကို ထပ်ခါတလဲလဲ ထုတ်လွှင့်နေရတဲ့ရည်ရွယ်ချက်က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံထားရတဲ့ NUG ပြည်ပြေးအဖွဲ့ရဲ့ အလုံးစုံပျက်စီးရေးလမ်းစဉ်အရ နိုင်ငံအနှံ့အပြားမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ငါတို့နိုင်နေပြီဆိုတဲ့ လှုံ့ဆော်မှုကို ပြည်သူများ ယုံကြည်လာစေရန် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မျှော်လင့်ချက်မဲ့ပြီး ဦးတည်ရာပျောက်ဆုံးနေတဲ့ အကြမ်းဖက် PDF တွေနဲ့ သူတို့ကို ထောက်ခံသူတွေ စိတ်ဓာတ်တက်ကြွလာစေဖို့၊ အကြမ်းဖက်မှုတွေကို ပိုမိုအားပေးလာစေဖို့၊ PDF များအတွက် အကြောင်းပြပြီး ပြည်တွင်း၊ ပြည်ပကနေ ထောက်ပံ့ကြေးနဲ့ အလှူငွေ







တွေ တောင်းခံနိုင်ဖို့အတွက် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

အထူးသဖြင့် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံကိုတည်ငြိမ်အောင် အုပ်ချုပ်နိုင်ခြင်းမရှိဘဲ Failed State အခြေအနေဖြစ်ဖို့ နီးလာနေကြောင်း ပုံဖော်နေပြီး တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန်နဲ့ ပြည်သူလူထုက တပ်မတော်အပေါ် အထင်လွဲမှားလာစေဖို့၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူတွေအကြား သွေးခွဲဖို့နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ တိုက်လိုခိုက်လိုစိတ် ကျဆင်းအောင် စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်နေကြတာဖြစ်ပါတယ်။ အဆိုးဆုံးကတော့ အပြစ်မဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေ၊ သံဃာတွေကို အကြမ်းဖက်သတ်ဖြတ်ပြီး လူထုကြားထဲကို ၎င်းတို့ကို မထောက်ခံရင် အသတ်ခံရမယ်ဆိုတဲ့ အကြောက်တရားသွင်း သတင်းစကားပေးနေတာဖြစ်ပါတယ်။

ဒီလိုသတင်းတွေကို ပြည်ဖျက်မီဒီယာတွေနဲ့ ပြည်တွင်း၊ ပြည်ပအဖျက်သမားများက ၎င်းတို့ရဲ့ ကွန်ရက်တွေကနေ ဝေဝေဆာဆာ ဝိုင်းဝန်းထပ်ဆင့်လှုံ့ဆော်နေကြသလို နောက်ကွယ်က ကြိုးကိုင်စီစဉ်သူတွေကလည်း ငွေအင်အား၊ နည်းပညာအားတွေနဲ့ သတင်းအမှားတွေကို လူထုအကြား ပိုမိုပျံ့နှံ့ရောက်ရှိအောင် လုပ်ဆောင်နေကြတယ်ဆိုတာ ပြည်သူတွေအနေနဲ့ သတိပြုကြဖို့ လိုအပ်ပါတယ်။ ဗီယက်နမ်မှာ လုပ်ဆောင်ခဲ့တဲ့ Phoenix Program လိုပဲ လက်တွေ့အကြမ်းဖက်မှု နည်းလမ်းနဲ့ စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းကို တစ်ပြိုင်နက်တည်း ပေါင်းစပ် ကျင့်သုံးနေကြတာ တွေ့ရှိရသလို Chieu Hoi Program လိုပဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဘက်ပြောင်းလာစေဖို့ကိုလည်း ချမှတ်လုပ်ဆောင်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

**နောက်ကွယ်က အကြောင်းရင်း**

ဒီလိုလုပ်ဆောင်ရခြင်းရဲ့ နောက်ကွယ်က အကြောင်းရင်းကလည်း နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးလှပါတယ်။ မြန်မာနိုင်ငံမှာ မတည်ငြိမ်မှုတွေဖြစ်အောင် ဖန်တီးချင်နေတဲ့သူတွေဟာ မြန်မာနိုင်ငံမှာ တပ်မတော်ပြိုကွဲမှသာ နိုင်ငံအစိတ်စိတ်အမွှာမွှာ ပြိုကွဲမှာဖြစ်တဲ့အတွက် ၎င်းတို့ရဲ့ မဟာဗျူဟာ အကျိုးစီးပွားဖော်ဆောင်မယ့်သူတွေကိုငွေအား၊လူအား၊နည်းပညာအားတွေနဲ့ ကူညီနေခြင်းဖြစ်ပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေတွေအရ ပြည်သူအများ စိတ်ဝမ်းကွဲပြားပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို ပျက်စီးအောင် လုပ်ဆောင်နေရုံသာမကဘဲ သူတို့လိုသလို ကြိုးကိုင်လို့ရမယ့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာအောင် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ သူတို့ရဲ့လုပ်ဆောင်ချက်တွေဟာ ရေတိုနဲ့ပြီးသွားမှာမဟုတ်ဘဲ တပ်မတော်မပြိုကွဲမချင်း၊ တပ်မတော်နဲ့ပြည်သူ သွေးမကွဲမချင်း၊ မြန်မာနိုင်ငံကို ၎င်းတို့အလိုကျ ကြိုးကိုင်လို့မရမချင်း အကြောင်းပြချက် အမျိုးမျိုး၊ အသွင်အမျိုးမျိုးနဲ့ ရေရှည်ဆင်နွှဲနေမယ့် စစ်ပွဲတစ်ခုဖြစ်လို့ တပ်မတော်နဲ့ ပြည်သူစည်းလုံးညီညွတ်မှုအားနဲ့ တုံ့ပြန်သွားကြရမှာ ဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူအကြား၊ ပြည်သူအချင်းချင်းအကြား သွေးကွဲဖို့အတွက် ရေးသားထားတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားတွေ မပျံ့နှံ့ဖို့ကိုလည်း ပြည်သူတွေဘက်က တာဝန်သိသိနဲ့ အပြည့်အဝ ကာကွယ်သွားဖို့ လိုအပ်ပါတယ်။

ဒါ့ကြောင့် မီဒီယာကို လက်နက်သဖွယ်အသုံးချကာ သတင်းအတု၊ သတင်းအမှားတွေကို ရေးသားဖော်ပြပြီး ဝါဒဖြန့်ချိရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ဆောင်နေတာကိုပြည်သူလူထုအနေနဲ့ ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နဲ့အတူ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်နဲ့ လက်တွဲ ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

**"ဒီလိုတွေ လုပ်ကြံသတင်းအတုတွေနဲ့ ပုံဖျက်သတင်းအမှားတွေကို ထပ်ခါတလဲလဲ ထုတ်လွှင့်နေရတဲ့ ရည်ရွယ်ချက်က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံထားရတဲ့ NUG ပြည်ပြေးအဖွဲ့ရဲ့ အလုံးစုံပျက်စီးရေးလမ်းစဉ်အရ နိုင်ငံအနှံ့အပြားမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ငါတို့နိုင်နေပြီဆိုတဲ့ လှုံ့ဆော်မှုကို ပြည်သူများ ယုံကြည်လာစေရန် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မျှော်လင့်ချက်မဲ့ပြီး ဦးတည်ရာပျောက်ဆုံးနေတဲ့ အကြမ်းဖက် PDF တွေနဲ့ သူတို့ကို ထောက်ခံသူတွေ စိတ်ဓာတ်တက်ကြွလာစေဖို့၊ အကြမ်းဖက်မှုတွေကို ပိုမိုအားပေးလာစေဖို့၊ PDF များအတွက် အကြောင်းပြပြီး ပြည်တွင်း၊ ပြည်ပကနေ ထောက်ပံ့ကြေးနဲ့ အလှူငွေတွေ တောင်းခံနိုင်ဖို့အတွက် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်"**

# ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် ပညာဥယျာဉ်များ ဝေဆာလာတော့မည်

ဦးလေးခိုင်

**နိုင်ငံတစ်နိုင်ငံ အောင်မြင်ကြီးပွားခြင်း၏ အဓိကကျသော အကြောင်းအချက်တစ်ခုမှာ နိုင်ငံတွင် ပညာရေးကို ဦးစားပေးရင်းနှီးမြှုပ်နှံပြီး လူသားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရန် မဟာဗျူဟာ ချမှတ်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ နိုင်ငံတိုင်း၏ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင် အားလုံးလက်ခံထားသည့် အချက်တစ်ခုမှာလည်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အဓိကကျသည့်ကဏ္ဍဖြစ်ပါသည်။**

ထို့ကြောင့် ပညာရေးတွင် အမြဲတမ်းရင်းနှီးမြှုပ်နှံ၊ ပညာရေးတွင် အမြဲတမ်း အဆင့်မြှင့်တင်၊ ပညာရေးတွင် စဉ်ဆက်မပြတ် သင်ကြားရေးကို ပြုလုပ်နေကြပါသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံသည် ကမ္ဘာ့ပညာရည် အမြင့်ဆုံးနိုင်ငံများတွင် ထိပ်ပိုင်းမှ ပါဝင်သောကြောင့် နိုင်ငံသေးငယ်သော်လည်း ဖွံ့ဖြိုးမှုမြင့်မားသော နိုင်ငံဖြစ်နေပါသည်။ အကြောင်းရင်းမှာ ပညာရေးကို အဓိက ဦးစားပေး ရင်းနှီးမြှုပ်နှံခဲ့သောကြောင့် ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ ခေါင်းဆောင်လီကွမ်ယုက ပညာရေးဆိုသည်မှာ လုပ်ရိုးလုပ်စဉ်ကျောင်းတက် ပညာသင်ခြင်းထက် များစွာပိုမိုနက်နဲကျယ်ဝန်းပါသည်။ စူးစမ်းလေ့လာမှု ပြင်းပြကာ အမြဲမပြတ် သင်ယူလေ့လာနေသူများကိုသာ ပညာတတ်ဟု ယူဆကြောင်း ပြောကြားချက်ကို သတိရမိပါသည်။

ဆိုလိုရင်းမှာ ပညာကို စဉ်ဆက်မပြတ် ကြိုးပမ်းလေ့လာသင်ယူ ဆည်းပူးအားထုတ်ခြင်းဖြင့် ပညာတတ်များပေါ်များအောင် ဆောင်ရွက်ရမည်ကို ညွှန်းဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပညာနှင့်ဝေး၍မရပါ။ ပညာကို အပတ်တကုတ် ဆည်းပူးနေရမည်ဖြစ်ပါသည်။ ပညာနှင့်မဝေးရန်အတွက် ဦးစွာပညာသင်ယူရမည့် စာသင်ကျောင်းများ ရှိရပါမည်။ ကျောင်းရှိလျှင် ကျောင်းများအစဉ်ဖွင့်ရပါမည်။ ကျောင်းဖွင့်လျှင် ကျောင်းတက်ရပါမည်။ စဉ်ဆက်မပြတ် ပညာရေးကို အကောင်အထည်ဖော်ပြီး ပညာရေးအတွက် နှစ်စဉ်မပျက် ကျောင်းပိတ်ရက်မှလွဲ၍ အစဉ်မပြတ် တက်ရောက်ပညာသင်ယူ နေကြရပါမည်။




မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်ကာလက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများအားလုံး ပိတ်ခဲ့ရပါသည်။ ကလေးသူငယ် လူငယ်လူရွယ်များ ပညာရေးနှင့်ဝေးခဲ့ရပါသည်။ ကျောင်းသားကျောင်းသူများမှာ ပညာရေးနှင့် တစ်နှစ်တာဝေးခဲ့ပြီးနောက် ၎င်းတို့ရပ်တည်နေကြသည့် အခြေအနေကို မိဘအုပ်ထိန်းသူများ အသိဆုံးဖြစ်ပါသည်။ ပညာရေးနှင့် ဝေးသဖြင့် အသိဉာဏ်ပညာများနှင့် ကင်းဝေးကာ လေလွင့်ခဲ့ရသူများလည်း ရှိသည်။ ၂၀၂၁ ခုနှစ် ရောက်သည့်အခါ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးသော်လည်း ကျောင်းမတက်ရေး၊ ကျောင်းဖျက်ရေး အဖျက်လုပ်ရပ်မျိုးစုံတို့နှင့် ကြုံခဲ့ရပြန်ပါသည်။

ပညာရေးကို အစွန်းရောက်အဖျက်သမားများက နှောင့်ယှက်ဖျက်ဆီးသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းသားလူငယ်များကို ပညာရေးနှင့် မဝေးကွာစေဘဲ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ကျောင်းများ ပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးနှင့် ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများ လုပ်ဆောင်နေမှုသည် နိုင်ငံအား ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များ ပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများ ဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

**❖ ကမ္ဘာပေါ်ရှိ ပဋိပက္ခများ ဖြစ်ပွားခဲ့သော နိုင်ငံများတွင် စာသင်ကျောင်းများကို ရွေးချယ်၍ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း မရှိချေ။ အစွန်းရောက် စစ်သွေးကြွများပင် စာသင်ကျောင်းများကို ၎င်းတို့လမ်းစဉ်နှင့် မကိုက်ညီသောအခါတွင်မှ တိုက်ခိုက်မှု ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် စာသင်ကျောင်းများကို ဖျက်ဆီးခြင်း မပြုလုပ်ခဲ့ပါ။ သို့သော် ယနေ့အစွန်းရောက် နိုင်ငံရေးသမားများနှင့် PDF အကြမ်းဖက် အဖျက်သမားများက ပညာရေးနှင့် သက်ဆိုင်သည်များအား တမင် ရည်ရွယ်ဖျက်ဆီးနေသည်ကို တွေ့ရသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် တစ်လျှောက်၌ မြို့နယ်ပေါင်း ၁၇၇ မြို့နယ်တွင် အကြမ်းဖက်လုပ်ရပ်များကြောင့် စာသင်ကျောင်းနှင့် ပညာရေးအဆောက် အအုံ ၅၀၀ ကျော် ဖျက်ဆီးခံခဲ့ရသည်။ PDF အကြမ်းဖက်သမားများက ပညာရေးဝန်ထမ်း ၃၇ ဦးအား သတ်ဖြတ်ခဲ့ကြပြီး ဝန်ထမ်း ၃၀ ဒဏ်ရာရခဲ့သည်**

**ကမ္ဘာပေါ်ရှိ ပဋိပက္ခများ ဖြစ်ပွားခဲ့သော နိုင်ငံများတွင် စာသင်ကျောင်းများကို ရွေးချယ်၍ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း မရှိချေ။ အစွန်းရောက် စစ်သွေးကြွများပင် စာသင်ကျောင်းများကို ၎င်းတို့လမ်းစဉ်နှင့် မကိုက်ညီသောအခါတွင်မှ တိုက်ခိုက်မှုရှိသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် စာသင်ကျောင်းများကို ဖျက်ဆီးခြင်း မပြုလုပ်ခဲ့ပါ။ သို့သော် ယနေ့အစွန်းရောက် နိုင်ငံရေးသမားများနှင့် PDF အကြမ်းဖက် အဖျက်သမားများက ပညာရေးနှင့် သက်ဆိုင်သည်များအား တမင် ရည်ရွယ်ဖျက်ဆီးနေသည်ကို တွေ့ရသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တစ်လျှောက်၌ မြို့နယ်ပေါင်း ၁၇၇ မြို့နယ်တွင် အကြမ်းဖက်လုပ်ရပ်များကြောင့် စာသင်ကျောင်းနှင့် ပညာရေးအဆောက်အအုံ ၅၀၀ ကျော် ဖျက်ဆီးခံခဲ့ရသည်။ PDF အကြမ်းဖက်သမားများက ပညာရေးဝန်ထမ်း ၃၇ ဦးအား သတ်ဖြတ်ခဲ့ကြပြီး ဝန်ထမ်း ၃၀ ဒဏ်ရာရခဲ့သည်။**

အနာဂတ်အညွန့်အဖူး ကလေးသူငယ်များ အနာဂတ်ပျောက်အောင်၊ ဘဝအညွန့်တုံးအောင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ အကြမ်းဖက်သမားများ၏ အဆိုပါလုပ်ရပ်များကို ၎င်းတို့ခေါင်းဆောင်ဆိုသူများက တားမြစ်ကန့်ကွက်တားဆီးခဲ့ကြခြင်း မရှိပေ။ ပြည်ဖျက်မီဒီယာများကလည်း အားပေးအားမြှောက် ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ပြီးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုစဉ်အခါက စာစစ်ဌာနများနှင့် စာဖြေဌာနများကို ဗုံးပစ်ခြင်း၊ မိုင်းခွဲခြင်းများ ပြုလုပ်ခဲ့ကြသည်။ သာဓကအချို့အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ကံပေါက် အခြေခံပညာအထက်တန်းကျောင်းတွင် စာမေးပွဲဖြေဆိုနေစဉ် လာရောက်ပစ်ခတ်ခဲ့ကြသည်။ ရေဖြူမြို့နယ် ကျောက်တိုင်လမ်းတွင်ရှိသည့် အခြေခံပညာအထက်တန်းကျောင်း၌ အင်္ဂလိပ်စာဘာသာ ဖြေဆိုနေစဉ် လက်လုပ်အသံဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သည်။ ရေစကြိုမြို့နယ် အမှတ်(၈) ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ချင်းပြည်နယ် မတူပီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ အခြားဒေသများတွင်လည်း နှောင့်ယှက်ဖျက်ဆီးမှုများ ရှိခဲ့သည်။

ဤသို့ပြုလုပ်ခြင်းသည် တိုင်းပြည်အနာဂတ်တွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆဲအစိုးရက ဆောင်ရွက်ပေးနေသည်ကို မနာလိုမရှုဆိတ်၍လည်းကောင်း၊ ပညာလိုလားသင်ကြားကြသော လူငယ်များ၏ အနာဂတ်ကို လမ်းပျောက်စေရန်အတွက်လည်းကောင်း ဖျက်လိုဖျက်ဆီးပြုလုပ်နေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပညာတတ်လူငယ်များ၊ လူသားအရင်းအမြစ်များ အထူးလိုအပ်နေသော အချိန်အခါဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် ပညာရေးကဏ္ဍသည် အရေးကြီးသည်။ မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကိုကြည့်မည်ဆိုပါက ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ငါးနှစ်နှင့်အထက် လူဦးရေ လေးသန်းခန့် (နိုင်ငံ့လူဦးရေ၏ ၈ ဒသမ ၁ ရာခိုင်နှုန်း) သည် အခြေအနေအကြောင်းအမျိုးမျိုးတို့ကြောင့် ကျောင်းမနေခဲ့ကြရပေ။

**အသက် ၂၅ နှစ်အထက် ကျောင်းမနေဖူးသူမှာ လူဦးရေ ၉၆၀၀၀၀ ခန့်ရှိသည်။ ထို့ကြောင့် ကျောင်းမနေဖူးသူပြည်သူများမှာ လူဦးရေ ငါးသန်းခန့်ရှိနေသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မူလတန်းပညာအဆင့်သာရှိသူ ၁၂ ဒသမ ၉၇ သန်းခန့်နှင့် အလယ်တန်းပညာအဆင့်ရှိသူ ၅ ဒသမ ၄ သန်းခန့်ရှိသည်ဟုလည်း သိရသည်။ စုစုပေါင်းဆိုလျှင် အလယ်တန်းပညာအဆင့်နှင့်အောက်ရှိသူ ၁၈ ဒသမ ၂ သန်းခန့်ရှိနေပြီး နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံနီးပါးမှာ ပညာရေးနှင့်ဝေးနေသည်ကို တွေ့ရမည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ အနာဂတ်ဘဝ မြင့်မားတိုးတက်ရေးအတွက် အမျိုးသားပညာရေးကို မြှင့်တင်ပေးရန် အထူးလိုအပ်နေပါသည်။**

စာသင်ကျောင်းများဖွင့်လှစ်ပြီး ပညာသင်ကြားပေးနေခြင်းမှာ အစိုးရအတွက်လား၊ တိုင်းပြည်အနာဂတ်အတွက်လား၊ ကလေးသူငယ်လူငယ်များ၏ အနာဂတ်အတွက်လား ခန့်မှန်းကြည့်နိုင်ပါသည်။ ပညာသင်ကြားခြင်းသည် အနည်းနှင့်အများဆိုသလို ကောင်းကျိုးပြုပါသည်။ ကိုလိုနီခေတ် ကျွန်ပညာရေးစနစ်တွင်ပင် ထိုခေတ်က လူငယ်လူရွယ်များ၏ ဘဝတိုးတက်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ လွတ်လပ်သောကာလတွင်မူ ဆိုဖွယ်ရာမရှိပေ။ မျက်မှောက်ကာလသည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသော ကာလဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရန်နှင့် ဒီမိုကရေစီ အသီးအပွင့်များကို အားလုံးခံစားနိုင်စေရန် ပြည်သူလူထု၏ ပညာရည်မြင့်မားနေစေရန် လိုအပ်ပါသည်။

ဒီမိုကရေစီနှင့် ပညာရေးအကြောင်းဆက်ခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က **"တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ခဲဆုံး ဖြစ်သည်။ ဒီမိုကရေစီစနစ် အောင်မြင်စေရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင်ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေမည်"** ဟု ပြောကြားခဲ့သည်ကို မှတ်သားဖူးပါသည်။

*စာမျက်နှာ ၁၀ သို့*

# (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း နေပြည်တော်၌ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**နေပြည်တော် မေ ၁၂**

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) ရှိ ယဉ်ကျေးမှုရတနာခန်းမတွင် ကျင်းပသည်။



အစည်းအဝေးသို့ (၂၃) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်ကြီးများ တက်ရောက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**နှစ်စဉ်မပျက် ကျင်းပ**

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှ စတင်၍ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်မပျက် ကျင်းပခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်မှ စတင်၍ ထိုစဉ်က အစိုးရသည် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပခြင်းမရှိဘဲ ရပ်ဆိုင်းထားခဲ့ရာ ယခုအခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပရန် ခွင့်ပြုပေးလိုက်ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ပတ်သက်၍ လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီး မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပရန် ခွင့်ပြုခဲ့ပါကြောင်း၊ ပြိုင်ပွဲများတွင် တရားမျှတမှုရှိအောင် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကို ငါးနှစ်တာမျှကြာမြင့်မှ ပြန်လည်ကျင်းပရခြင်း ဖြစ်သော်လည်း ပြိုင်ပွဲနေရာ သတ်မှတ်ခြင်းကလွဲ၍ ကျန်သော ပြိုင်ပွဲအဆင့်၊ ပြိုင်ပွဲဝင်ဘာသာရပ် စသည်တို့မှာ များစွာ ပြောင်းလဲမှုမရှိပါကြောင်း၊ ပြိုင်ပွဲနေရာများကို ယခင် ပြုလုပ်နေကျ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့တွင် မပြုလုပ်ဘဲ MICC-2၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှုရတနာခန်းမ နှင့် လေ့ကျင့်ရေးဇာတ်ရုံ၊ နေပြည်တော် မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ စသည့်နေရာသစ်များသို့ ပြောင်းရွှေ့ထားပါကြောင်း၊ ပြိုင်ပွဲကျင်းပမည့်ရက်ကို အောက်တိုဘာလ သီတင်းကျွတ်ကျောင်းပိတ်ရက်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဆပ်ကော်မတီများမှ တာဝန်ရှိသူများ အကဲဖြတ်ပညာရှင်များက မိမိတို့တာဝန်ယူကြသည့် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြဆွေးနွေးကြသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက်ရောက်လာကြသော ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တင်ပြချက်များအပေါ် ပြန်လည်၍ သုံးသပ်ဆွေးနွေးသည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း နေပြည်တော်၌ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ်ထည့်သွင်းကျင်းပမည့် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် မွန်တိုင်းရင်းသားတို့၏ ရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့လိုက် ကပြယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ဥက္ကဋ္ဌ မန်းအောင်ပြည်စိုးတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီးနောက် တက်ရောက်လာကြသူများက PR စနစ်ဖြင့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကိစ္စ၊ ရွေးကောက်ပွဲနှင့် ဆက်စပ်သော ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လက်နက်ကိုင်ပဋိပက္ခများ လျှော့ချရေးနှင့် တိုက်ပွဲရှောင်ပြည်သူလူထု၏ အခက်အခဲများ ဖြေရှင်းဆောင်ရွက်သွားရေးကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အမ်းမြို့နယ်၌ လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**အမ်း မေ ၁၂**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ကျေးလက်နေပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ အမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ပြီး ၂၁ ရက်ကြာ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လေကြောင်းစင်းလုံးငှားလေယာဉ်ဖြင့် မြန်မာအားကစားအဖွဲ့ တတိယအသုတ်ဆက်လက်ထွက်ခွာ

**ရန်ကုန် မေ ၁၂**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ တတိယအသုတ်သည် ယမန်နေ့ည ၈ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ထွက်ခွာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။



(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ တတိယအသုတ်တွင် ဂေါက်သီးအားကစားနည်းမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး လေးဦး၊ ပိတန်း အားကစားနည်းမှ အမျိုးသား သုံးဦး၊ အမျိုးသမီး ခုနစ်ဦး၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး တစ်ဦး၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦး၊ E-Sports အားကစားနည်းမှ အမျိုးသား ၂၈ ဦး၊ ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ အမျိုးသား ခုနစ်ဦး၊ ပြေးခုန်ပစ် အားကစားနည်းမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ကိုးဦး၊ မြားပစ် အားကစားနည်းမှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ခုနစ်ဦးနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများအဖွဲ့တို့ ပါဝင်ကြောင်း သိရသည်။

ဆက်လက်၍ စတုတ္ထအသုတ်အနေဖြင့် မေ ၁၃ ရက်တွင်လည်းကောင်း၊ ပဉ္စမအသုတ်အနေဖြင့် မေ ၁၆ ရက်တွင် လည်းကောင်း၊ ဆဋ္ဌမအသုတ်အနေဖြင့် မေ ၂၀ ရက်တွင်လည်းကောင်း မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ တိုက်ရိုက်ခရီးစဉ် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် (၂၅) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မေ ၁၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးများက ပူးတွဲသဘာပတိများအဖြစ် တာဝန်ယူ ဆောင်ရွက်သော (၂၅) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ Virtual အစီအစဉ်ဖြင့် တက်ရောက်သည်။ **(ယာပုံ)**




**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန်၌ အားလုံးပါဝင် ဆောင်ရွက်ကြမည့် ပြန်လည် ထူထောင်ရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ မက်ခရိုစီးပွားရေး ရှုမြင်သုံးသပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်သင့်သည့် မူဝါဒများ၊ အာဆီယံ+၃ နိုင်ငံများ ပါဝင်ဆောင်ရွက်လျက်ရှိသော ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ကြသည့် အာဆီယံ+၃ မက်ခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) ၏ လုပ်ငန်းတိုးတက်မှု၊ AMRO ရုံးအား Regional Knowledge Hub အဖြစ် ကြိုးပမ်းဆောင်ရွက်နေမှု၊ ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး (Chiang Mai Initiative Multilateralisation – CMIM) လုပ်ငန်းအစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ တိုးတက်မှု၊ အာရှငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာအကူအညီပေးရေး အစီအစဉ်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးရာ၌ AMRO အား Regional Knowledge Hub အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအစီအစဉ်နှင့် ကာလလတ်စီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော်မှုများကို မြန်မာနိုင်ငံက ထောက်ခံအားပေးပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုနှင့်အတူ ယှဉ်တွဲဖွံ့ဖြိုးလာသည့် financial digitalization နှင့် digital transformation နည်းလမ်းများဖော်ဆောင်ရေး ကြိုးပမ်းဆောင်ရွက်ရန် AMRO သို့ တိုက်တွန်းပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှငွေချေးစာချုပ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာ အကူအညီများ ရယူ၍ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် Financial resilience against climate and natural disasters လုပ်ငန်းအဖွဲ့၏ စွမ်းဆောင်ရည် တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန်တွင် နိုင်ငံ့စီးပွားရေး ပြန်လည်အားကောင်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းစီးပွားရေး ပြန်လည်ဦးမော့လာရေး လုပ်ငန်းစဉ်များတွင်လည်း အာဆီယံ+၃ နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါဝင်ဆွေးနွေးသည်။

**ပူးတွဲတာဝန်ယူ**

အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို အာဆီယံနိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတ နိုင်ငံတို့က အလှည့်ကျ ပူးတွဲတာဝန်ယူပြီး နှစ်စဉ် ကျင်းပခြင်းဖြစ်သည်။ ယခုနှစ် ကျင်းပသည့် အာဆီယံ+၃ အစည်းအဝေးများကို Virtual Meeting ပုံစံဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ပြီး အစည်းအဝေးသို့ အာဆီယံ+၃ နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဆီယံ+၃ မက်ခရိုစီးပွားရေး သုတေသနရုံးနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့မှ အကြီးအကဲများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မြရည်နန္ဒာငွေစုငွေချေးသမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်တင်မြှောက်

**နေပြည်တော် မေ ၁၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင် အစည်းအဝေးခန်းမ (၂) တွင် မြရည်နန္ဒာငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဇေယျာသီရိမြို့နယ် သမဝါယမဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မြရည်နန္ဒာ သမဝါယမအသင်းသူအသင်းသားများ တက်ရောက်ခဲ့ပြီး အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိများက အသင်းကိုယ်စား အသင်းသားများအား စားသုံးဆီ ထောက်ပံ့ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည်ဆိုပါက နိုင်ငံသားများအား အသိဉာဏ်ပညာများ ပြည့်ဝစေရန် ဖန်တီးပေးရန် လိုအပ်ကြောင်း ရည်ညွှန်းခဲ့ခြင်းဖြစ်ပါသည်။

မျက်မှောက်ကာလတွင် တိုင်းပြည်၏ အနာဂတ်နှင့် မျိုးဆက်သစ်လူငယ်များ အနာဂတ်ဘဝ တိုးတက်ကောင်းမွန်ရေးအတွက် အမျိုးသားပညာရေးကို မြှင့်တင်အားပေးလျက်ရှိသည်။ အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံပေးနေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများက ကျောင်းသား၊ မိဘနှင့် ဆရာဆရာမများအပေါ် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်ဖျက်ဆီးနေမှုများကြားမှ ပြည်သူ ပါဝင်သည့် လုံခြုံရေးအာမခံချက်များ ရယူ၍ နိုင်ငံတစ်ဝန်း၌ ကျောင်းများ ဖွင့်လှစ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သည်။

၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းအားလုံးနီးပါးကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် အခြေခံပညာအထက်တန်းအဆင့် ၆၁၇၈ ကျောင်းရှိသည့်အနက် ၅၂၀၉ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းစုစုပေါင်း ၄၇၇၆၀ ရှိသည့်အနက် ကျောင်းပေါင်း ၃၉၂၄၂ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကျောင်းတက်ရောက်မှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၄၂ သိန်းကျော် (၈၁ ရာခိုင်နှုန်းကျော်)တက်ရောက်ခဲ့သည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများကို ၂၀၂၂ ခုနှစ် မတ်လ နောက်ဆုံးအပတ်နှင့် ဧပြီလပထမပတ်တို့တွင် ယခင်လျာထားသည့်အတိုင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းပေးသွင်းထားသူများအနက် ၉၀ ဒသမ ၁၈ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ နိုင်ငံတော်၏ အနာဂတ်အတွက်နှင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲအောင်ရေးအတွက်သာမက ရာခိုင်နှုန်းပြည့် အမှန်တကယ်တတ်မြောက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

တက္ကသိုလ်ဝင်တန်းမပါ အခြေခံပညာအဆင့် စာမေးပွဲအောင်စာရင်းများကို ၂၀၂၂ ခုနှစ် ဧပြီလ ၂၄ ရက်က ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် ကျောင်းသား ကျောင်းသူများ၏ အောင်စာရင်းကို ၂၀၂၂ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး အောင်စာရင်း ထွက်မည့်ရက်ကို ထပ်မံကြေညာပေးသွားမည်ဟု သိရသည်။ တစ်ဆက်တည်းတွင် တက္ကသိုလ်၊ ကောလိပ်များကို ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ်သည် မေလ ၂၆ ရက်မှ ဇွန်လ ၁ ရက်အထိဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရန် လျာထားစီမံ ဆောင်ရွက်လျက်ရှိသည်။

ပညာသင်ကြားပေးမည့် ဆရာ ဆရာမများအားလုံးကိုလည်း အရည်အသွေးမြှင့်တင်ပေးလျက်ရှိသည်။ ယမန်နှစ်က ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြား၊ နိုင်ငံရေး အပြောင်းအလဲကြား၊ အဖျက်လုပ်ရပ်ပြဿနာများကြားတွင် စာသင်ကျောင်းများကို ကာကွယ်စောင့်ရှောက်ပေးကာ ဖွင့်လှစ်ပေးခဲ့ခြင်းသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အနာဂတ်ကောင်းမွန်ရေးအတွက် စစ်မှန်သော စေတနာဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံအကျိုးပြုလူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မျိုးဆက်သစ်များကို ပျိုးထောင်ပေးနေခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် ၂၀၂၂ ခုနှစ် မေလ ၂၆ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိသည် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကာလဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇွန်လဆန်းသည်နှင့် အဖြူအစိမ်းရောင်လေးများ စုံစုံညီညီဖြင့် လှပဝေဆာလာတော့မည်ဖြစ်သည်။ မင်္ဂလာရှိသောနေ့ရက်များ ရောက်ရှိလာတော့မည်ဖြစ်သည်။ ညီညွတ်သောအင်အားဖြင့် အဖျက်အန္တရာယ်များဖယ်ရှား၍ ကိုဗစ်-၁၉ ရောဂါကင်းဝေးလာတော့မည့် အေးချမ်းသာယာသော မြန်မာပြည်တွင် ရင်သွေးငယ်များ ပညာရည်နို့သောက်စို့ရာ ပညာဥယျာဉ်များ ကျက်သရေမင်္ဂလာအဖြာဖြာပြည့်စုံဝေဆာလာတော့မည်ဖြစ်ပါကြောင်း။ ။

❑ **အသက် ၂၅ နှစ်အထက် ကျောင်းမနေဖူးသူမှာ လူဦးရေ ၉၆၀၀၀၀ ခန့်ရှိသည်။ ထို့ကြောင့် ကျောင်းမနေဖူးသူပြည်သူများမှာ လူဦးရေ ငါးသန်းခန့်ရှိနေသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မူလတန်းပညာအဆင့်သာရှိသူ ၁၂ ဒသမ ၉၇ သန်းခန့်နှင့် အလယ်တန်းပညာ အဆင့်ရှိသူ ၅ ဒသမ ၄ သန်းခန့်ရှိသည်ဟုလည်း သိရသည်။ စုစုပေါင်းဆိုလျှင် အလယ်တန်းပညာအဆင့်နှင့်အောက်ရှိသူ ၁၈ ဒသမ ၂ သန်း ခန့်ရှိနေပြီး နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံနီးပါးမှာ ပညာရေးနှင့် ဝေးနေသည်ကို တွေ့ရမည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ အနာဂတ်ဘဝ မြင့်မားတိုးတက်ရေးအတွက် အမျိုးသားပညာရေးကို မြှင့်တင်ပေးရန် အထူးလိုအပ်နေ**

# ကုန်သွယ်လုပ်ငန်းခွန်အကြောင်း သိမှတ်ဖွယ်ရာများခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် မေ ၁၂

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် အသိပညာဖြန့်ဝေရေး ( Knowledge Sharing Program – KSP) အစီအစဉ်အရ ကျင်းပသည့် ဆွေးနွေးပွဲအမှတ်စဉ် (၁၄) ကို "ကုန်သွယ်လုပ်ငန်းခွန်အကြောင်း သိမှတ်ဖွယ်ရာများ" ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။** (ယာပုံ)

ဆွေးနွေးပွဲ၌ ပြည်ထောင်စု စာရင်းစစ်ချုပ် ပါမောက္ခ ဒေါက်တာကံဇော်က ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူ့ဘဏ္ဍာငွေမှ အသုံးစရိတ်များကို ထိရောက်စွာ ခွဲဝေသုံးစွဲရာတွင် ဝင်ငွေရရှိမှုသည် လွန်စွာ အရေးကြီးပါကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ထိရောက်ကောင်းမွန်စေရေး အတွက် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ စာရင်းစစ်ဝန်ထမ်းများအနေဖြင့် ရငွေ၏ အဓိက အပိုင်းတစ်ခုဖြစ်သည့် အခွန်အကောက်ရငွေပါ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ပိုမိုသိရှိ နားလည်ရန် လိုအပ်သဖြင့် ယခုဆွေးနွေးပွဲအား ကျင်းပပေးရခြင်း ဖြစ်ပါကြောင်း။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲမှ သိမှတ်ဖွယ်ရာများအား လေ့လာမှတ်သားပြီး သိရှိလိုသည်များကို မေးမြန်းခြင်း၊ နိုင်ငံတော်၏ အခွန်အခများ တိုးတက်ရရှိစေရေးအတွက် စစ်ဆေးတွေ့ရှိချက်များအရ အခွန်ရငွေဆိုင်ရာ တွေ့ကြုံရသည်များကို Auditor Point of View မှ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုဆွေးနွေးပွဲမှရရှိသည့် အသိပညာဗဟုသုတများကို စစ်ဆေးရေးလုပ်ငန်းတွင် လက်တွေ့ပြန်လည် အသုံးချခြင်းဖြင့် နိုင်ငံ့ဝင်ငွေ တိုးတက်ရရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလှမြင့်က အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက်၊ အခွန် အမျိုးအစား၊ အခွန်နှုန်းထားများ၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများမှ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက်ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် တက်ရောက်လာသူများက အပြန်အလှန်ဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဒီဂရီကောလိပ်အသီးသီး၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ယူလျက်ရှိ

## ပြည်

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ရှိ ပြည်တက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ပြည်) နှင့် ပြည်ပညာရေး ဒီဂရီကောလိပ်တို့အား မေ ၁၂ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ပြီးဖြစ်ရာ အဆိုပါကျောင်းအသီးသီး၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ပြည်မြို့ရှိ အဆိုပါ တက္ကသိုလ်/ဒီဂရီကောလိပ် လေးခုအနက် ပြည်တက္ကသိုလ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့်အတန်းပေါင်း (၁၀) တန်းဖြစ်ကြောင်း၊ ယခုမေ ၁၂ ရက်ကစတင်၍ (ပထမနှစ်) နှစ်တန်း၊ (ဒုတိယနှစ်၊ တတိယနှစ်၊ ပဉ္စမနှစ်၊ ပထမနှစ် (ဂုဏ်ထူးတန်း)၊ တတိယနှစ် (ဂုဏ်ထူးတန်း)၊ မဟာ အရည်အချင်းစစ်သင်တန်း) နှင့် (မဟာပထမနှစ်၊ မဟာဒုတိယနှစ်) သင်တန်းတို့ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပြည်တက္ကသိုလ် သင်တန်းရေးရာဌာနမှ (မော်ကွန်းထိန်း) ဦးတင်ထွေးက ပြောသည်။

ထို့အတူ ပြည်ပညာရေး ဒီဂရီကောလိပ်တွင် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်း၌ ကျောင်းသား ကျောင်းသူ ၁၀၃ ဦးနှင့် ပထမနှစ် (ဒုတိယနှစ်ဝက်) သင်တန်း၌ ကျောင်းသား ကျောင်းသူ ၆၁ ဦး စုစုပေါင်း ၁၆၄ ဦးရှိကာ ယနေ့ထပ်မံလာရောက် အပ်နှံသူများလည်းရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဝင်းက ပြောသည်။



ပြည်တက္ကသိုလ်

ဎင်းအပြင် ကွန်ပျူတာတက္ကသိုလ် (ပြည်) တွင် တက်ရောက်မည့် ကျောင်းသား ကျောင်းသူအသစ်များအား ယနေ့နံနက်ပိုင်းက မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပရာ ကျောင်းသား ကျောင်းသူ ၇၀ ကျော် တက်ရောက်ကြောင်းနှင့် ပြည်နည်းပညာတက္ကသိုလ်တွင်လည်း ယနေ့နံနက်ပိုင်းက အလားတူ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပရာ ကျောင်းသား ကျောင်းသူ ၆၀ ခန့်တက်ရောက်ကာ ယင်းနည်းပညာတက္ကသိုလ်တွင် အတန်းစဉ်အလိုက် မဟာတန်းအထိ ယခုလက်ရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၃၄ ဦး တက်ရောက်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## သန်လျင်

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ နေ့သင်တန်းများကို ယနေ့နံနက်မှစတင်၍ ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဒုတိယနှစ်ဝက် ပညာသင်ကာလနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်ဝက် ပညာသင်ကာလ နေ့သင်တန်းများကို မေ ၁၂ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်သို့ အတန်းအသီးသီး၌ ကျောင်းတက်ရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရေးအတွက် ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာဆရာမများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ နည်းပညာတက္ကသိုလ် (သန်လျင်) တွင်၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ် ပထမနှစ်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ မေ ၁၂ ရက်က ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ကျောင်းပြန်လည် ဖွင့်လှစ်ခြင်းသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတန်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက တက္ကသိုလ် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုများ နှင့် စာသင်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယနေ့ နည်းပညာတက္ကသိုလ် (သန်လျင်) ပြန်လည်ဖွင့်ရာတွင် ပထမနှစ်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ၁၈၀ ကျော် တက်ရောက် ပညာသင်ကြားခဲ့ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်



နည်းပညာတက္ကသိုလ် (သန်လျင်)

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၂၉၅ | ၂၄၃၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၀၅ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၁၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၅ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၃၅ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၅ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၃၅ | ၂၇၂၅ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၅ | ၁၉၆၆ |
| 95 Ron | ၁၉၄၅ | ၂၀၁၈ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (10 ppm) | ၂၁၂၈ | ၂၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## ရှမ်းပြည်နယ်အတွင်း စံပြကျေးရွာ (Smart Village) များ အကောင်အထည်ဖော် ဆောင်ရွက်မည်

**နေပြည်တော် မေ ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်အတွင်း ခေတ်မီစံပြကျေးရွာ (Smart Village) များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်း၍ ငိုမူးကျေးရွာ ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်ပေးသော လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းသား/သင်တန်းသူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယခုသင်တန်းသည် ဦးစီးဌာန နှစ်ခုပူးပေါင်း၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး မိသားစုဝင်ငွေတိုးပွားရေးအတွက် များစွာအကျိုးပြုနိုင်ပါကြောင်း၊ သင်တန်းအောင်မြင်ပြီးသူများအား သမဝါယမစနစ်ဖြင့် အသင်းအဖွဲ့များဖွဲ့စည်းကာ လိုအပ်မှုများ ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများကလည်း စိတ်ပါဝင်စားပြီး တက်ကြွစွာဖြင့် သင်ယူကြစေလိုပါကြောင်း ပြောကြားပြီး သင်တန်းပို့ချနေမှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်ကြီးမြို့ အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံကာ ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာ စီမံကိန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအားလည်းကောင်း ညှိနှိုင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ဟိုပုံးမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံးသို့ ရောက်ရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်တန်းကျေးရွာ၏ စံပြကျေးရွာ စီမံကိန်းလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည်။ ယခုအခါ ရှမ်းပြည်နယ်တွင် စံပြကျေးရွာ ကိုးရွာရွေးချယ်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး စံပြကျေးရွာရွေးချယ်ရာတွင် အခြေခံအချက် ၁၅ ချက်နှင့် ကိုက်ညီသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်ခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာတွင် ငွေကျပ် ၈၀၄ သန်းဖြင့် စံပြကျေးရွာစီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟိုပုံးမြို့နယ်တွင် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်တန်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ (ဝဲပုံ)ခေတ်မီစံပြကျေးရွာ ထူထောင်ရေးအစီအစဉ်များနှင့်ပတ်သက်၍ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ရှင်းလင်းဆွေးနွေးတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက စံပြကျေးရွာစီမံကိန်း အောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနများမှ ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရမည်ဖြစ်ပြီး လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေများ တင်ပြနိုင်ရေး ကြိုတင်စီစဉ်ရေးဆွဲဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် မေ ၁၂** - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၅ ဒသမ ၆၃ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ လားရှိုးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မိုးညှင်းမြို့တွင် ၁ ဒသမ ၈၁ လက်မနှင့် ပိုင်ကျုံမြို့တွင် ၁ ဒသမ ၇၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသိပေး ကြေညာချက်

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝရရှိရန်မှာ အဓိကကျသည့်အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၅ တို့တွင် ပို့ကုန်တင်ပို့သူသည် ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း ((၁၀-၁၁-၂၀၂၁) ရက်နေ့မှစ၍ သုံးလအတွင်း) ယင်း၏ ဘဏ်စာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို ပို့ကုန်တင်ပို့သည့်နေ့မှစ၍ ခြောက်လအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် နိုင်ငံခြားသုံးငွေများရောင်းဝယ် ဖောက်ကားသည့်လုပ်ငန်း (AD)လိုင်စင်ရဘဏ်များ ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်-

(က) AD လိုင်စင်ရဘဏ်များမှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း၊
(၃ နှစ်ကြာကာလအတွင်း)

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း၊
(ရက်ပေါင်း ၆၀)

( ဂ ) သတင်းစာများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် စာရင်းရှင်းလင်းရန် ကြေညာခြင်း၊
(ရက်ပေါင်း ၆၀)

(ဃ) စာရင်းရှင်းလင်းမှုမရှိသူများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ပသက) ပိတ်သိမ်းခြင်း၊
(ရက်ပေါင်း ၃၀)

( င ) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီမှ ဦးဆောင်၍ ပို့ကုန်တင်ပို့သူများနှင့် အစည်းအဝေး (၅) ကြိမ်ပြုလုပ်၍ ရှင်းလင်းဆွေးနွေးခြင်း။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ ဖြစ်သော "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ" ဟု လည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အဆိုပါဥပဒေ ပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု လည်းကောင်း ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။

၄။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီများအား အထက်အပိုဒ် (၂)ပါအတိုင်း အကြောင်းကြားခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်း၊ အစည်းအဝေးများပြုလုပ်၍ ဆွေးနွေးခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ပြီးသော်လည်း ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိဆဲ ကုမ္ပဏီ (၁၇၇) ခု ကျန်ရှိပါသည်။ ယင်းကုမ္ပဏီ (၁၇၇) ခုအနက်မှ ကုမ္ပဏီ (၁၅၈) ခုအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များကို အမည်မည်းစာရင်း ထည့်သွင်းကြောင်း (၁၀-၅-၂၀၂၂) ရက်နေ့ထုတ် သတင်းစာများတွင် ကြေညာချက်ထုတ်ပြန်ပြီး ဖြစ်ပါသည်။

၅။ ထပ်မံ၍ ကျန်ရှိသည့် ကုမ္ပဏီ (၁၉) ခု (ပူးတွဲစာရင်း) အား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်း ကြေညာပါသည်။ ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေဝင်ရောက်ရန် ကျန်ကုမ္ပဏီများအားလည်း အရေးယူဆောင်ရွက်ရန် ဆက်လက်စိစစ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
( ၁၂ - ၅ - ၂၀၂၂ )

### ၂၀၁၆ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန်ကျန်ရှိသော ကုမ္ပဏီစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | GOLDEN BATTERY RECYCLING COMPANY LIMITED. | U Zaw Lin Tun<br>U Tun Tun Mon | Nan Htay Mon Kyaung, Kyar Tawya Street, Myoma Ward, Bahan Township,Yangon | 10/La Ma Na (N)-008174<br>10/Ya Ma Na (N)153643 |

### ၂၀၁၇ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန်ကျန်ရှိသော ကုမ္ပဏီစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | DPS CO.,LTD. | U Tun Tun Htet<br>U Kyaw Kyaw Hlaing | No.(1), Yuzana Housing, Laydaungkan Street, (26) Ward, Dagon Myothit(South), Yangon 95-1-382781, 09-73024888 | 12/Tha Ga Ka (N) 003675<br>12/Oua Ka Ta (N) 069050 |
| 2 | KHIN KYAW COMPANY LIMITED. | U Soe Thu Latt<br>U KHIN MAUNG LATT<br>U KYAW THU LATT | MYINTAWTHAR ROAD, NO.5(B), HTUPARYONE (1) QUARTER,THAKETA TOWNSHIP, YANGON | 12/PAKHANA(N) 353204<br>12/KATANA(PYU) 002329<br>12/KATANA(PYU) 001050 |
| 3 | PENG SHENG EXPORT & IMPORT YOU XIAN COMPANY LIMITED. | Daw Sandar Lin<br>Daw Ye Ye Cho | MYAWADDY MINGYI (2) STREET NO.765/ SHWE PAUKKAN 16 QUARTER/ NORTH OAKKALAPA TOWNSHIP, YANGON | 14/LAPATA (N)113341<br>14/ AHGAPA (N) 000991 |

### ၂၀၁၈ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန်ကျန်ရှိသော ကုမ္ပဏီစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | DPS CO.,LTD. | U Tun Tun Htet<br>U Kyaw Kyaw Hlaing | No.(1), Yuzana Housing, Laydaungkan Street, (26) Ward, Dagon Myothit(South), Yangon 95-1-382781, 09-73024888 | 12/Tha Ga Ka (N) 003675<br>12/Oua Ka Ta (N) 069050 |
| 2 | FATEMA TRADING COMPANY LIMITED. | U Mohammed Raffi<br>Daw Aisha Bi | No.(307),(41x42)Street, Mahabandula Street, (8)Ward, Botahtaung, Yangon 09-795296289, 09-73241021 | KTDA-009106<br>12/Ka Ta Ta (N) 020854 |
| 3 | INTERNATIONAL BRILLIANT POWER COMPANY LIMITED. | U Kyaw Thein<br>Daw Hla Hla Win<br>U Thein Naing | No.(58/60),3rd Floor, 55th Street,PazundaungYangon City, | 12/Pa Za Ta (N)004549<br>PZDG-008895<br>PZDG-008940 |
| 4 | JU XIAN COMPANY LIMITED. | U Aik Chwan<br>Daw Aye Shwe | No.(63),(3) Street, Zayar Mon Ward,KyeikehtoKyeikhto | 13/Na Ma Ta (Pyu) 001070<br>13/Na Ma Ta (N) 058168 |
| 5 | MACRO TRADE LINK CO.,LTD. | Daw Myat Thida Than Htay<br>U Myat Zaw | No.(128),(4th) Floor, Sayar San Road, Sayar San North East Quarter, Bahan Yangon City, | 12/La Ma Ta (N)-000982<br>12/Ma Ya Ka (N)-002376 |
| 6 | MAJESTIC GLORY CO.,LTD. | Daw Khaing Su Hlaing<br>U Min Zin Aung | No.(887/B), Badar Street (1), 8 Ward, Dagon Myothit (East) Twonship, Yangon | 12/SAKHANA (N)062848<br>12/MAGATA (N) 104073 |
| 7 | MOUNT VEBHARA TRADING COMPANY LIMITED. | Daw Thida Aye<br>Daw Yin Yin Win | Building No (239),Room No.(3), Seinpanmyaing Street, (25) Ward, Thuwunna Thingangyun, Yangon City | 12/Tha Ga Ka(N) 083018<br>12/Ta Ta Na (N) 223184 |
| 8 | MYANMAR BALAJI COMPANY LIMITED. | U Kay Zin Soe<br>Daw Thin Thin Naing | No. (182),(4th) Street, Ward No. (93),Dagon Myothit (Seikkan)Yangon | 14/Ah Ga Pa (N) 221114<br>7/Da Ou Na (N) 001412 |
| 9 | OMDG (MYANMAR) COMPANY LIMITED. | U Htin Aung<br>Daw Khin Myat Thu<br>U Han Tun | Room.(108), (1st) Floor,San Pya Yankin Market, Sayar San Road,(2)Ward, YankinYangon City, | 12/Sa Kha Na (Pyu) 000078<br>12/Pa Ba Ta (Ei) 000701<br>13/Ka Ta Na (Ei) 000288 |

စာမျက်နှာ ၁၄ သို့

# စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ ယာယီခိုလှုံရေးစခန်းများနှင့် ကျေးရွာမှ ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေး

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်း အကူအညီလိုအပ်သူများအတွက် လူမှုကရုဏာ အကူအညီများပေးရာတွင် ကြက်ခြေနီအခြေခံမူများနှင့်အညီ ကူညီလျက်ရှိရာ ပြီးခဲ့သည့် ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြည်သူများကို အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများဖြစ်သည့် စားနပ်ရိက္ခာနှင့် အခြားအခြေခံလိုအပ်သည့်ပစ္စည်းများ၊ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ၊ ရေနှင့် သန့်ရှင်းရေးသုံးပစ္စည်းများကို သွားရောက်ကူညီထောက်ပံ့ပေးကြသည်။

ထိုသို့သွားရောက်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်း ဦးဆောင်သော ဝန်ထမ်းခုနစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၁၂ ဦး စုစုပေါင်း ၁၉ ဦးတို့သည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ကန့်ဘလူမြို့နယ် လေးမြို့နယ်မှ ယာယီခိုလှုံရေးစခန်း ငါးခုနှင့် ရွှေဘိုမြို့နယ်မှ ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု ၃၃၈ စု လူဦးရေ ၁၁၉၁ ဦးအတွက် ငွေကျပ် ၇၉၅၄၅၀၅၀ တန်ဖိုးရှိ ကနဦး အရေးပေါ်လိုအပ်ချက်များဖြစ်သည့် အစားအစာ (ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးသေတ္တာ) ၃၃၈ စုံ၊ နှာခေါင်းစည်း ၅၀ ပါ ဘူး) ၃၃၈ ဘူး၊ လက်သန့်ဆေးရည် ၃၃၈ ဘူး၊ မိသားစုသုံး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၃၃၈ ပုံး၊ အမျိုးသမီး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၃၂၅ ပုံး၊ အမျိုးသားတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၃၂၆ ပုံး၊ မိုးကာအကျီ ၆၅၂ ထည်၊ တာပေါ်လင် ၆၇၆ ချပ်၊ အိမ်ဆောက်အထောက်အကူပြုပစ္စည်း ၁၆၈ အိတ်၊ မိသားစုသုံး ရေသန့်ပုံး (Life Straw) ခုနစ်ခု၊ ဂါလန် ၂၀၀ ဆံ့ ရေပုံးခြောက်ပုံးတို့ကို သွားရောက်ထောက်ပံ့ ကူညီပေးခဲ့သည့်အပြင် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းများကိုလည်း ပြုလုပ်ကြသည်။



အလားတူ အကူအညီလိုအပ်နေသည့် ယာယီခိုလှုံရာစခန်းများနှင့် ကျေးရွာများမှ ပြည်သူများအတွက် စားနပ်ရိက္ခာများ၊ ရေနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ အခြားလိုအပ်သည့်ပစ္စည်းများကို ဆက်လက်ထောက်ပံ့ကူညီနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် မေ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ လေသာပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပဋ္ဌာနတာရုံကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ဇောဓိကုန်းစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ဂျုံးဂျုံးကျတောရကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ရှိ ရတနာစန်းကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၁၃ မှ*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 10 | PA DA MYARR NYI NAUNG COMPANY LIMITED. | U Ye Min Zin<br>U Kaung Myat Kyaw<br>U Khin Maung Win<br>U Soe Min Lwin<br>U Min Ko<br>U Aung Naing Oo<br>U Lin Bin Hu @ Win Naing | No.(106),Myothit, Asia Main Road (1), Thin Gan Nyi Naung,Myawaddi Kayin State, | 8/Pa Kha Ka(N) 208046<br>9/Ma Kha Na(N) 149234<br>3/Ma Wa Ta(N) 024223<br>3/Ba Ah Na(N) 313829<br>8/Pa Ma Na(N) 107574<br>12/Ma Wa Ta(N) 041138<br>12/La Tha Na(Ei) 000309 |
| 11 | PHONE NAY HTUT KHAUNG COMPANY LIMITED. | U Phyo Min Shein<br>U Tin Htut | No.(93),(30)Street, Between (65x 66) Street, Pyi Gyi Myat Shin Ward, Chan Aye Thar Zan, Mandalay | 12/Ya Ka Na (N) 067261<br>12/Pa Ba Ta (N) 024006 |
| 12 | PIXIO MYANMAR COMPANY LIMITED. | Mr.Wong Tooe Hawk<br>Mr.Tham Khai Wor<br>Ms.Wee Swee Neo Doris | No.(81),Yadanar Road, (8) Quarter,South Okkalapa, Yangon | Singaporean Passport No.E3103783J<br>Singaporean Passport No. E2932162L<br>Singaporean Passport No. E3302156K |
| 13 | SOE LWIN AUNG CO.,LTD. | U Soe Lwin | No. (243),Bogyoke Street, Zay Tan Ward,Yatsouth Yatsouth | 13/Ya Sa Na(N)–007639 |
| 14 | THE SEA SMELL TRADING COMPANY LIMITED. | U Myo Ko Ko Oo<br>U Htut Htut Min | Block (63),No.(15), Nawadday Market Inner Street, (6) Ward, Hlaing Thar Yar Yangon | 7/Ka Ta Kha (N) 162277<br>14/ Ah Ga Pa(N) 149833 |
| 15 | U KAUNG TRADING CO.,LTD. | U Thar Oo<br>U Aung Zay Yar Oo | Building No.(10/12), Room No.(103/D),(35th) Street, Kyauktada, Yangon City | 12/Sa Kha Na (N)–052851<br>12/Ka Ma Ya (N)–011575 |

# မေ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်းရှိ

**(၁၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၅၈,၃၆၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၀၈၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၀၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၄) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၈၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၈၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၉၅၃) ခု | (၃) ဦး |
| စုစုပေါင်း | (၈,၅၀၆) ခု | (၆) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၂-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ


| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၉၅၃၃၇၁ | ၈၁၁၀၇၂၉၆ | ၁၀၂၅၇၆၄ |
| ၂။ | အိန္ဒိယ | ၄၃၁၁၃၄၁၃ | ၄၂၅၇၀၁၆၅ | ၅၂၄၁၈၀ |
| ၃။ | ဘရာဇီး | ၃၀၆၁၇၇၈၆ | ၂၉၆၉၇၉၃၁ | ၆၆၄၅၆၄ |
| ၄။ | ပြင်သစ် | ၂၉၀၆၁၅၂၃ | ၂၈၀၁၇၃၃၁ | ၁၄၇၀၇၅ |
| ၅။ | ဂျာမနီ | ၂၅၅၈၃၂၅၈ | ၂၃၈၀၄၆၀၀ | ၁၃၇၄၄၉ |
| ၆။ | ဗြိတိန် | ၂၂၁၄၅၁၅၇ | ၂၁၆၁၆၅၇၅ | ၁၇၆၄၂၄ |
| ၇။ | ရုရှား | ၁၈၂၄၅၃၉၄ | ၁၇၆၂၆၃၄၄ | ၃၇၇၃၅၉ |
| ၈။ | တောင်ကိုရီးယား | ၁၇၆၉၄၆၇၇ | စိစစ်ဆဲ | ၂၃၅၅၄ |
| ၉။ | အီတလီ | ၁၆၉၁၅၃၀၁ | ၁၅၇၀၉၂၅၉ | ၁၆၄၈၄၆ |
| ၁၀။ | တူရကီ | ၁၅၀၄၈၄၄၉ | ၁၄၉၄၆၁၀၄ | ၉၈၈၇၀ |

## ၁၂-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၈၃၉၇၂ | ၉၃၂၇၅၂၃ | ၄၃၀၆၀ |
| အင်ဒိုနီးရှား | ၆၀၄၉၈၇၆ | ၅၈၈၈၅၇၁ | ၁၅၆၄၃၈ |
| မလေးရှား | ၄၄၆၇၀၆၁ | ၄၄၀၆၆၁၃ | ၃၅၅၉၈ |
| ထိုင်း | ၄၃၅၃၂၃၇ | ၄၂၄၆၄၉၉ | ၂၉၃၁၄ |
| ဖိလစ်ပိုင် | ၃၆၈၇၅၆၇ | ၃၆၂၃၉၃၈ | ၆၀၄၅၂ |
| စင်ကာပူ | ၁၂၂၈၉၁၄ | ၁၁၅၅၉၇၀ | ၁၃၅၈ |
| မြန်မာ | ၆၁၃၀၈၈ | ၅၉၂၀၁၂ | ၁၉၄၃၄ |
| လာအို | ၂၀၉၂၄၃ | ၂၀၇၁၈၂ | ၇၅၂ |
| ဘရူနိုင်း | ၁၄၃၈၆၆ | ၁၄၂၁၇၃ | ၂၁၉ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# ဂျပန်နိုင်ငံတွင် ယန်းငွေတန်ဖိုးကျဆင်းလာခြင်းနှင့် လောင်စာဆီဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်

လောင်စာဆီ၊ စားနပ်ရိက္ခာနှင့် လိုအပ်သည့်ကုန်စည်များတင်သွင်းရာတွင် ကုန်ကျစရိတ်များ ပိုမိုမြင့်တက်လာသဖြင့် မျှော်မှန်းထားသည်ထက် ကုန်သွယ်မှုလိုငွေပြမှု ပိုမိုဖြစ်ပေါ်ခဲ့ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ထားသည်။ ဂျပန်ယန်းငွေတန်ဖိုးကျဆင်းလာမှုအပေါ် စီးပွားရေးလုပ်ငန်းများအကြားတွင် စိုးရိမ်ပူပန်နေကြပြီး မတ်လအတွင်းက ကုန်သွယ်မှုလိုငွေပြမှုမှာ ယန်း ၄၂၀ ဘီလီယံ ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းလာပြီး ကမ္ဘာ့နိုင်ငံများအကြား ခရီးသွားလာမှုနှင့် စီးပွားရေးကူးသန်းရောင်းဝယ်မှု ပြန်လည်မြင့်တက်လာပြီးနောက် ဂျပန်၏ သွင်းကုန်တင်သွင်းမှုမှာ မတ်လကုန်နောက်ပိုင်းတွင် ၃၁ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာပြီး ပို့ကုန်တင်ပို့မှုမှာ ၁၅ ရာခိုင်နှုန်းသာမြင့်တက်လာသည်။ ဂျပန်၏ သွင်းကုန်ပမာဏ အားလုံးသည် ဂျပန်စီးပွားရေးဆောင်ရွက်ချက်များအားလုံး၏ ငါးပုံတစ်ပုံထက် လျော့နည်းသော်လည်း အဓိက သွင်းကုန်များမှာ နိုင်ငံ့စီးပွားရေးအတွက် အရေးပါသည့် ရေနံနှင့်ကျောက်မီးသွေးတို့ဖြစ်သည်။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစသည့် သွင်းကုန်တင်သွင်းမှုစရိတ်မှာ ပြီးခဲ့သည့်နှစ် ကာလတူ မတ်လထက် ၈၀ ရာခိုင်နှုန်း မြင့်တက်လာပြီး စားသောက်ကုန်တင်သွင်းမှုတွင် ၂၂ ရာခိုင်နှုန်း၊ ဓာတုဗေဒပစ္စည်းများ တင်သွင်းမှုတွင် ၄၂ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။

သွင်းကုန်အတွက် ကုန်ကျစရိတ်မြင့်တက်ပြီး ပို့ကုန်တွင် မော်တော်ယာဉ် တင်ပို့မှု ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ကာ အရေအတွက်အားဖြင့် မော်တော်ယာဉ် ၁၄ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းလာခဲ့သည်။ အချို့သော မော်တော်ယာဉ်ထုတ်လုပ်သူ၊ စပ်ဆက်ပစ္စည်းထုတ်လုပ်သူများ လုပ်ငန်းရပ်နားထားရမှုများရှိနေပြီး အကျပ်အတည်းများ ကျော်လွန်သည့်ကာလတွင်မူ ဂျပန်ပို့ကုန်များ ပြန်လည်နာလန်ထူလာမည်ဟုလည်း ကျွမ်းကျင်သူများက ခန့်မှန်းကြကြောင်း ဂျပန်နေ့စဉ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။




ဂျပန်နိုင်ငံသို့ သွင်းကုန်တင်သွင်းသည့် ကွန်တိန်နာ သင်္ဘောကြီးများ။

## မြန်မာနိုင်ငံသို့ ဖြတ်ကျော်ထားသည့် မီးရထားလမ်းမှတစ်ဆင့် ကုန်စည်ပို့ဆောင်ရန် လမ်းကြောင်းသစ်ဖွင့်လှစ်

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင်း မြူနီစပယ်အုပ်ချုပ်ရေးမြို့ ဂေါ်ရန်ဆိပ်ကမ်းမှ ရန်ကုန်မြို့အထိကုန်သေတ္တာသယ်ဆောင်သည့် ပထမဆုံး မီးရထားခရီးစဉ်ကို ဧပြီ ၇ ရက်တွင်စတင်ဖွင့်လှစ်ခဲ့ကြောင်း တရုတ်နေ့စဉ်သတင်းစာ၌ ဖော်ပြထားသည်။ ယခု မီးရထားလမ်းကြောင်းသစ်သည် တရုတ်နိုင်ငံ ယန်ဇီမြစ်ဝှမ်းမှ အင်ဒိုချိုင်းနား ကျွန်းဆွယ်အထိ လမ်းကြောင်းဖြစ်ပြီး ကုန်းတွင်းဆိပ်ကမ်းမှ ရန်ကုန်မြို့အထိဖြစ်ကာ တရုတ် အနောက်တောင်ပိုင်းနှင့် အိန္ဒိယသမုဒ္ဒရာကို ချိတ်ဆက်သည့် လမ်းကြောင်းသစ်လည်းဖြစ်သည်။ တရုတ်အနောက်ပိုင်းဒေသနှင့် စင်ကာပူနိုင်ငံတို့အကြား ပူးပေါင်းဖော်ဆောင်ခဲ့သည့် ကုန်သွယ်မှုနှင့်သယ်ယူပို့ဆောင်ရေး လမ်းကြောင်းဖြစ်သော အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ပင်လယ်ကုန်သွယ်ရေးစင်္ကြံအသစ်၏ မူဘောင်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပြီး လမ်းကြောင်းသစ်အရ ယခင်က ကုန်စည်ပို့ဆောင်ရန် ကြာမြင့်ချိန်ထက် ရက် ၂၀ သက်သာစေမည်ဟု သိရသည်။ တရုတ်သည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းအထိ အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ပင်လယ်ကုန်သွယ်ရေးစင်္ကြံအရ ကမ္ဘာပေါ်ရှိ ဒေသ ၁၀၇ ခု၊ ဆိပ်ကမ်း ၃၁၇ ခုတို့နှင့် ကုန်စည်ပို့ဆောင်နိုင်ပြီဖြစ်သည်။




## ကမ္ဘာ့ဝယ်လိုအားကြောင့် ဗီယက်နမ်ဆန်တင်ပို့မှုများပြားလာ

ဗီယက်နမ်အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ပထမသုံးလအတွင်း ဗီယက်နမ်ဆန် တန်ချိန် ၁ ဒသမ ၅ သန်းကျော် ပြည်ပသို့ တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၃၀ ဒသမ ၇ သန်း ရရှိခဲ့ကြောင်း သိရှိရသည်။ အလားတူကာလထက် တန်ချိန် ၂၆ ရာခိုင်နှုန်းကျော် (တန်ဖိုး ၁၃ ရာခိုင်နှုန်းနီးပါး) ပိုမိုတင်ပို့ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် မတ်လအတွင်း ဆန်တင်ပို့မှုအမြင့်ဆုံးရရှိခဲ့ပြီး တန်ချိန် ၅၃၁၀၀၀၊ ပို့ကုန်ဝင်ငွေ ၂၆၃ သန်းအထိ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း သိရသည်။ ဗီယက်နမ်ဆန်ဈေးနှုန်းသည် တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၀ အထက်တွင်ရှိနေပြီး ဧပြီလအစောပိုင်းတွင် ၅ ရာခိုင်နှုန်းအကျိုးအကြေ ပါဝင်သည့် ဆန်ဈေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၄၁၅ ဈေးရရှိခဲ့ရာ ထိုင်းဆန်ထက် တစ်တန်လျှင် ၁၀ ဒေါ်လာနီးပါး ဈေးရရှိခဲ့ခြင်းဖြစ်သည်။

ကျွမ်းကျင်သူများခန့်မှန်းမှုအရ ကမ္ဘာတစ်ဝန်းတွင် ဆန်စားသုံးမှုဈေးကွက် ဆက်လက်တည်ငြိမ်နေမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ သီရိလင်္ကာ စသည့်နိုင်ငံများမှ ဆန်ပိုမိုတင်ပို့ဖွယ်ရှိနေသည်။ ဥရောပဈေးကွက်တွင် လွတ်လပ်သည့် ကုန်သွယ်ရေးစာချုပ်များကြောင့် ပိုမိုတင်သွင်းလာဖွယ်ရှိကြောင်း၊ ရောင်းလိုအားတွင်မူ ယခုနှစ်အတွင်း ထိုင်းနှင့်အိန္ဒိယတို့သည် ကမ္ဘာ့ဆန်ကုန်သွယ်ဈေးကွက်ကို လှုပ်ရှားစေသည့်အရင်းအမြစ်များ ဖြစ်လာနိုင်သည်ဟုလည်း ခန့်မှန်းကြသည်။ အကြောင်းမှာ ယခုနှစ်တွင် ထိုင်းမှ ဆန်တင်ပို့မှုမြင့်တက်နိုင်ကာ တန်ချိန် ၇ သန်းမှ ၇ ဒသမ ၅ သန်းကြားရှိမည်ဟု အမေရိကန် စိုက်ပျိုးရေးဌာနက ခန့်မှန်းထားသည်။ အိန္ဒိယတင်ပို့မှုတွင် ၂၀၂၁ ခုနှစ်အတွင်း တန်ချိန် ၁၈ သန်းရှိခဲ့ရာ ယခုနှစ်တွင် ဆက်လက်မြင့်တက်နိုင်သည်ဟုလည်း ယူဆနေကြကြောင်း သိရှိရသည်။

## စင်ကာပူနိုင်ငံခရီးသွားလုပ်ငန်းအတွက် အစိုးရက စင်ကာပူဒေါ်လာ သန်း ၅၀၀ နီးပါး ဆက်လက်ပံ့ပိုး

စင်ကာပူနိုင်ငံသည် ကိုဗစ်-၁၉အလွန် နယ်စပ်ဂိတ်များကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ခရီးသွားများကိုဆွဲဆောင်နိုင်ရေး စင်ကာပူဒေါ်လာသန်း ၅၀၀ နီးပါး ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဧပြီလအတွင်းကျင်းပသည့် ခရီးသွားလုပ်ငန်းညီလာခံမှ သိရှိရသည်။ ယင်းရန်ပုံငွေဖြင့် လုပ်သားစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းပြန်လည်ထူထောင်ခြင်းများ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်သည်။ စင်ကာပူအား မြို့ပြကျန်းမာရေးစောင့်ရှောက်မှု နေရာတစ်ခုအဖြစ်ရပ်တည်လာရန်၊ ရေရှည်တည်တံ့သော ခရီးသွားလာရေး နေရာတစ်ခုအဖြစ်ရပ်တည်လာရန် ရည်မှန်းထားပြီးဖြစ်ကြောင်း သိရသည်။ စင်ကာပူအစိုးရသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း ခရီးသွားလုပ်ငန်းများအတွက် ငှားရမ်းခ၊ လိုင်စင်ကြေးစသည်တို့ကိုလျှော့ချ၊ ကင်းလွတ်ခြင်းများပြုလုပ်ပေးခြင်းအပြင် စင်ကာပူတွင်နေထိုင်သူများ ပြည်တွင်းလည်ပတ်မှုမြင့်မားစေရန် စင်ကာပူဒေါ်လာ သန်း ၃၂၀ တန်ဖိုးရှိ SingapoRediscovers ခရီးသွား လက်မှတ်များအစီအစဉ်ကိုလည်း လုပ်ဆောင်ခဲ့သည်။ ပြီးခဲ့သည့်လမှစတင်၍ နိုင်ငံသို့ ဆိုက်ရောက်လာသူများ ကွာရန်တင်းဝင်ရောက်ရန်မလိုကြောင်းကြေညာ၍ ခရီးသွားကဏ္ဍကို မြှင့်တင်ခဲ့သည်။

## တောင်အာဖရိကနိုင်ငံတွင် ကြက်သားဈေးနှုန်းများ ၁၇ ရာခိုင်နှုန်းအထိ မြင့်တက်

တောင်အာဖရိကနိုင်ငံရှိ ကြက်သားဈေးနှုန်းသည် တစ်နှစ်အတွင်း ၁၇ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး အစိုးရက ကြက်သားအတွက် ကောက်ခံနေသည့် အခွန်အခများလျှော့ချမပေးပါက ဈေးနှုန်းပိုမိုမြင့်တက်လာနိုင်ကြောင်း တောင်အာဖရိက အသားတင်သွင်း၊ တင်ပို့သူများအသင်းက ပြောကြားလိုက်သည်။ ထိုအသင်းက အစိုးရအနေဖြင့် အခွန်များ ကင်းလွတ်ခွင့်ကာလသတ်မှတ်ပေးရန်၊ တန်ဖိုးမြင့်အခွန်ဖယ်ရှားပေးရန်တောင်းဆိုထားသည်။ ကြက်သားကို တောင်အာဖရိကနိုင်ငံအတွင်း အသားဓာတ်အတွက် အဓိကအားထားစားသုံးကြပြီး ၂၀၂၀ ပြည့်နှစ်တွင် ကြက်နှင့်ပတ်သက်သည့် စားသောက်ကုန်တန်ချိန် ၂ ဒသမ ၃ သန်းအထိ စားသုံးခဲ့သည်။ အခွန်ကောက်ခံမှုသည် ယခုနှစ်ဇွန် ၁၄ ရက်အထိ အသက်ဝင်နေမည်ဖြစ်ပြီး မြင့်တက်နေသည့် စက်သုံးဆီဈေး၊ တိရစ္ဆာန်အစာဈေးများမြင့်တက်ခြင်း၊ ယူကရိန်းနှင့် ပဋိပက္ခဖြစ်ပွားနေမှုများကြောင့် ကြက်သားနှင့် အခြားစားသောက်ကုန် ဈေးနှုန်းများ ဆက်လက်မြင့်တက်နေဦးမည်ဖြစ်ကြောင်း ကုန်သွယ်မှုစီးပွားရေးပညာရှင်အချို့ကလည်း ဆိုထားသည်။

## ဗီယက်နမ်နဂါးမောက်သီးများ တရုတ်နိုင်ငံသို့ တင်ပို့မှုများပြား

ဗီယက်နမ်၏ အဓိကပို့ကုန် နဂါးမောက်သီးမှာ ယခုနှစ်တွင် မက်ထရစ်တန်ချိန် သုံးသိန်းထွက်ရှိမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြပြီး ယင်းအနက် ပမာဏအတော်များများသည် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတစ်ဆင့် တရုတ်ဈေးကွက်သို့ ရောက်ရှိလာနိုင်မည်ဟု ယူဆကြသည်။ မနှစ်က ဗီယက်နမ်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံတန်ဖိုး နဂါးမောက်သီးများ တရုတ်သို့တင်ပို့နိုင်ခဲ့ပြီး ထွက်ရှိသမျှ၏ ၈၉ ရာခိုင်နှုန်းဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီလ ကုန်ပိုင်းမှစတင်၍ ဗီယက်နမ်- တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း Puzhai ဂိတ်တွင် ထွန်စက်များဖြင့် ကုန်တင်ကုန်တွဲများဆွဲကာ သယ်ယူပို့ဆောင်သည့်စနစ်အား လက်ခံခွင့်ပြုခဲ့သည်။ ထိုသို့ တင်ပို့ရာတွင် အရည်အသွေး၊ လိုအပ်ချက်နှင့် ထုပ်ပိုးမှုအဆင့်ဆင့်အထိ စနစ်တကျလုပ်ဆောင်ကြရန် ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက တိုက်တွန်းဆောင်ရွက်ပေးလျက်ရှိသည်။ တရုတ်နိုင်ငံသို့ ၂၀၂၁ ခုနှစ်အတွင်း သစ်သီးဝလံ စုစုပေါင်းတင်သွင်းသည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄၇ဘီလီယံရှိခဲ့ပြီး တင်သွင်းသည့် သစ်သီးဝလံတန်ချိန်မှာ ၇ ဒသမ ၀၃ သန်းဖြစ်ကြောင်း နန်နင်းမြို့ရှိမြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးသံမှူးထံမှ သတင်းရရှိသည်။



## ဒစ်ဂျစ်တယ်ကုန်သွယ်မှု မဟာဗျူဟာသစ်တစ်ရပ်ကို ဩစတြေးလျထုတ်ပြန်

ပြီးခဲ့သည့် ဧပြီ ၁ ရက်မှစတင်၍ ဩစတြေးလျအစိုးရသည် ဒစ်ဂျစ်တယ်ကုန်သွယ်မှုမဟာဗျူဟာကို စတင်ချမှတ်ခဲ့သည်။ ကြိုးနီစနစ်ကို လျှော့ချကာ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်မှုတိုးတက်စေခြင်းဖြင့် ကုန်သွယ်မှု အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရန်ရည်ရွယ်ကြောင်း ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ဒစ်ဂျစ်တယ်ကုန်သွယ်မှုစည်းမျဉ်းများသည် ကုန်သွယ်မှုအတားအဆီးများကို လျှော့ပါးစေကာ အကျိုးအမြတ်ဖြစ်ထွန်းမှု၊ ဈေးကွက်ဝင်ရောက်ခွင့်နှင့် ဒေသတွင်းကုန်သွယ်မှု အလားအလာသစ်များဖန်တီးပေးနိုင်မည်ဟု တာဝန်ရှိသူများကဆိုကြသည်။ ယင်း ဒစ်ဂျစ်တယ်ကုန်သွယ်မှု မဟာဗျူဟာ Digital Trade Strategy ကို www.dfat.gov.au/publications/trade-and-investment/digital-trade-strategy တွင် ဒေါင်းလုပ်ရယူ လေ့လာနိုင်ပြီဖြစ်သည်။

## တရုတ်ပြည်တွင်းဈေးကွက်ချဲ့ထွင်နိုင်ရေး အဆင့်မြှင့်တင်မှုများပြုလုပ်

တရုတ်နိုင်ငံသည် ထိရောက်မှုမြင့်မားပြီး ပွင့်လင်းမြင်သာသည့် ပြည်တွင်းဈေးကွက်တစ်ရပ် ထူထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ယင်းအတွက် လမ်းညွှန်ချက်တစ်ရပ်ကိုလည်း ယခုနှစ် ဧပြီတွင် ထုတ်ပြန်ထားသည်။ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီတို့ ပူးပေါင်းထုတ်ပြန်သည့် လမ်းညွှန်ချက်တွင် ခေတ်မီသော လည်ပတ်မှုကွန်ရက်တည်ဆောက်ခြင်း၊ ဈေးကွက်သတင်းအချက်အလက်လမ်းကြောင်းများ ဖလှယ်ခြင်း၊ အရောင်းအဝယ်ပလက်ဖောင်းများ အဆင့်မြှင့်ခြင်းတို့ပါဝင်သည်ကို မြင်တွေ့ရသည်။ တရုတ်နိုင်ငံသည် မြေယာ၊ လုပ်အား၊ အရင်းအနှီး၊ နည်းပညာ၊ အချက်အလက်၊ စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်တို့ အပါအဝင် ကုန်ထုတ်စွမ်းအားဆိုင်ရာ အချက်အလက်များနှင့် အရင်းအမြစ်များ စုစည်းထားသည့် ပြည်တွင်းဈေးကွက်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှု အချက်အလက်များ။

ခင်ရတနာ စုစည်းဖော်ပြသည်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေထွက်ပစ္စည်းတင်ပို့မှု အမြင့်ဆုံးဖြစ်နေ

နေပြည်တော် မေ ၁၂

ဧပြီလအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးတွင် ရေထွက်ပစ္စည်းတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ သန်းတန်ဖိုးအထိ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ စစ်တွေ (ရွှေမင်းဂံဆိပ်ကမ်း)နှင့် မောင်တော (ကညင်ချောင်းကုန်သွယ်ရေးဇုန်ဆိပ်ကမ်း) နှစ်ခုမှ ကုန်သွယ်မှုပမာဏတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆၃ ကုန်သွယ်ခဲ့ကြောင်း ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း သိရှိရသည်။ စစ်တွေ ကုန်သွယ်ရေးစခန်းမှ ကုန်မျိုးစုံ တန်ချိန် ၄၃၆၆ တန် (တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၉ ဒေါ်လာသန်းဖိုး) တင်ပို့ခဲ့ပြီး သွင်းကုန်အဖြစ် အဝတ်အထည်များတင်သွင်းခဲ့သည်။ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်း (ကညင်ချောင်းကုန်သွယ်ရေးဇုန်) မှ ပို့ကုန်မျိုးစုံ တန်ချိန် ၂၄၁၈ တန် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆ သန်းဖိုး) တင်ပို့ခဲ့ပြီး သွင်းကုန်အဖြစ် အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၇၉ သန်းတန်ဖိုးရှိ ပီဗွီစီပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ ရေပေး ဝေရေးလုပ်ငန်းသုံး ရေစုပ်မော်တာများ၊ လက်နှိပ်တုံကင်များ၊ ပန့်များ တင်သွင်းခဲ့သည်။

ရေထွက်ပစ္စည်းတင်ပို့မှုမှာ အမြင့်ဆုံးပို့ကုန်ဖြစ်ပြီး ယင်းသည် တင်ပို့မှုပို့ကုန်တန်ဖိုးများအားလုံး၏ ၅၁ ရာခိုင်နှုန်းခန့်ရှိကာ သွင်းကုန်ဆောင်ရွက်မှုမှာ ၀ ဒသမ ၃ ရာခိုင်နှုန်းသာ ရှိကြောင်း သိရသည်။ ရေထွက်ပို့ကုန်များတွင် ရေချိုငါးမြစ်ချင်း၊ ဒေသထွက်ငါးနီတူခြောက်၊ ငါးကုန်းညိုခြောက်၊ ငါးစုံကလေးခြောက်၊ ငါးမုတ်မဲတို့အပြင် သီးနှံများဖြစ်သည့် ကြက်သွန်၊ ချင်းအစို၊ ဆီးသီးခြောက်၊ မန်ကျည်းစေ့၊ ကွမ်းသီး၊ ထန်းလျက်၊ တညင်းသီး၊ ကုလားပဲ၊ သရက်သီး၊ ငရုတ်သီးခြောက်စသည့် အခြေခံစားကုန်များ၊ ပြည်တွင်းထုတ် လူသုံးကုန်ပစ္စည်းများလည်း တင်ပို့ခဲ့ကြောင်းသိရသည်။

## ရွှေလီနယ်စပ်မှတစ်ဆင့် ကြံတန်ချိန် ငါးထောင်ကျော် တရုတ်နိုင်ငံသို့တင်ပို့

နေပြည်တော် မေ ၁၂

နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်သည့် ဧပြီ ၁၃ ရက်မှစ၍ မေလပထမပတ်အထိ တရုတ်-မြန်မာနယ်စပ် ရွှေလီလေယွင်ဂိတ်မှ ကြံတန်ချိန် ၅၄၄၀ ကို တင်ပို့နိုင်ခဲ့ကြောင်း ရွှေလီအထွေထွေမီဒီယာစင်တာမှသိရသည်။ မေလ ၆ ရက်က ကြံများတင်ဆောင်လာသည့် ကုန်တင်ယာဉ်များသည် နှစ်ကြိမ်ပိုးသတ်ခြင်း၊ ယာဉ်မောင်းလဲလှယ်၍ မောင်းနှင်ခြင်းနှင့် သုံးပိုင်းခွဲကာ သယ်ယူပို့ဆောင်ခြင်းစသည့် နည်းလမ်းများဖြင့် စနစ်တကျ ရွှေလီအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်းသိရှိရသည်။ အကောက်ခွန်ရှင်းလင်းပြီး ဂိတ်စတင်ဖြတ်သန်းနိုင်ခဲ့သည့် ဧပြီလ ၁၃ ရက်မှစတင်၍ ကြံတင်ပို့မှုပြန်လည်အားကောင်းလာပြီး ကြံတန်ဖိုးပေါင်း ယွမ် ၂ ဒသမ ၄၄၈၅၀၂ သန်းရှိကြောင်း သိရှိရသည်။



## ကချင်ပြည်နယ် ပြောင်းလုပ်ငန်းရှင်အသင်းဖွဲ့စည်း

နေပြည်တော် မေ ၁၂

ကချင်ပြည်နယ်အတွင်း ပြောင်းစိုက်ပျိုးထုတ်လုပ်သူများ လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေလွယ်ကူစေရန်နှင့် ထုတ်လုပ်တင်ပို့ရောင်းချရာတွင် စုစည်းဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ်ပြောင်းလုပ်ငန်းရှင်အသင်းကို မေ ၅ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ ယူနန်ဘုံကျောင်းခန်းမတွင် ကျင်းပသည့် အသင်းဖွဲ့စည်းခြင်း အခမ်းအနားသို့ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကိုကိုဦး၊ ကချင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးတူးခေါင်၊ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်အသင်းမှ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်ကျော်ကျော်၊ အတွင်းရေးမှူးဦးသန့်ဇင်ထွန်းတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။ ကချင်ပြည်နယ် ပြောင်းလုပ်ငန်းရှင်အသင်းကို ဖွဲ့စည်းပုံအင်အား ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်စသည့် မြို့နယ်များမှ လုပ်ငန်းရှင်များ၊ ပြောင်းစိုက်ပျိုးသူများ တက်ရောက်ခဲ့ကြသည်။

## တစ်ပတ်အတွင်းအခြေခံစားကုန်ဈေးနှုန်းများ

**ဆန်**

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) တွင် ပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၊ ပေါ်ကွဲ ၄၉၀၀၀၊ ဧည့်မထဆန် ၃၀၅၀၀ နှင့် ငစိန်ဆန် ၂၉၅၀၀ နှုန်းဝန်းကျင် အရောင်းအဝယ်သတ်မှတ်ကြသည်ကို မြင်တွေ့ရသည်။ ပြီးခဲ့သည့်တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိပြီး ကုန်စည်ဒိုင်များသို့ နယ်စုံမှ ဆန်အိတ် ၂၀၃၀၉၂ အိတ် ကုန်စည်ဒိုင်များသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ပဲမျိုးစုံ၊ ပြောင်း**

ပဲမျိုးစုံဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် ပွဲရုံများမှ သိရသည်။ ပဲမျိုးစုံတို့တွင် မတ်ပဲမှာ ကျပ် ၁၄၆၄၅၀၀ ၊ ပဲတီစိမ်း ကျပ် ၁၆၁၃၆၀၀၊



ပဲလွန်းဖြူမှာ ကျပ် ၁၁၄၅၂၀၀၊ ပဲလွန်းနီမှာ ကျပ် ၁၃၇၇၉၀၀၊ ပဲပုပ်ကျပ် ၁၄၈၄၁၀၀၊ ကုလားပဲဖြူလုံးကြီး ကျပ် ၁၄၈၂၀၀၀၊ ပဲကြီး ၂၃၃၃၂၉၉ ကျပ် ဈေးနှုန်းသတ်မှတ်ရောင်းချသည်ကို မြင်တွေ့ရသည်။ တစ်ပတ်အတွင်း မတ်ပဲတွင် ကျပ် ၁၅၀၀၊ ပဲတီစိမ်းတွင် ကျပ် ၇၀၅၀၀၊ ပဲလွန်းဖြူတွင် ကျပ် ၃၀၆၀၀၊ ပဲပုပ်တွင် ကျပ် ၁၀၄၁၀၀၊ ပဲကြီးတွင် ကျပ် ၂၆၉၅၀၀ ဈေးမြင့်ခဲ့ပြီး ပဲလွန်းနီ၊ ကုလားပဲဖြူလုံးကြီးတို့မှာ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်းသိရသည်။ ပြောင်းဆန်တစ်တန်လျှင် ငွေကျပ် ၆၃၆၉၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရသည်။

**ကြက်သွန်**

ကြက်သွန်နီ တစ်ပိဿာလျှင် ၇၇၅ ကျပ်၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၃၄၀၀အထိ ဈေးနှုန်းရှိခဲ့ပြီး ကြက်သွန်ဖြူ (ကြူကုတ်) ဈေးနှုန်း အနည်းငယ်ကျဆင်းလျက် ရှိသည်ကို မြင်တွေ့ရသည်။

**စားသုံးဆီ**

စားသုံးဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာခဲ့ပြီး မြေပဲဆီ တစ်ပိဿာ ကျပ် ၉၅၀၀၊ နှမ်းဆီ ကျပ် ၉၅၀၀နှင့် စားအုန်းဆီ ကျပ် ၆၃၀၀ နှုန်းဖြစ်ခဲ့ပြီး စားအုန်းဆီမှာ ဈေးမြင့်ပိုင်းတွင် အပြောင်းအလဲမရှိ ရပ်တန့်နေသည်ကို မြင်တွေ့ရသည်။

# သမ္မတသစ်အဖြစ်ရွေးကောက်ခံရသည့် ဖာဒီနန်မားကို့စ်ဂျူနီယာထံ တရုတ်သမ္မတ ရှီကျင့်ဖျင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ပေကျင်း မေ ၁၂

**တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မေ ၁၁ ရက်က ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတသစ်အဖြစ် ရွေးကောက်ခံရသည့် ဖာဒီနန်မားကို့စ်ဂျူနီယာထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။**

တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အိမ်နီးချင်း နိုင်ငံများဖြစ်ပြီး အေးအတူပူအမျှ နေထိုင်ခဲ့ကြကြောင်း ရှီက ပြောကြားလိုက်သည်။

မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံလုံး၏ ပူးပေါင်းကြိုးစားမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေး တောင့်တင်းခိုင်မာခဲ့ပြီး အခြေအနေတိုးတက်မြင့်မား လာခဲ့ခြင်းက နှစ်နိုင်ငံအတွင်းရှိ ပြည်သူများ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်ခဲ့ကြောင်းနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုလည်း ရရှိခဲ့ကြောင်း ရှီက ပြောသည်။

ထို့အတူ တရုတ်ဒုတိယသမ္မတ ဝမ်ချီရှန်က ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယသမ္မတဖြစ်လာသော ဆာရာ ဒူတာတေးကာပီယိုထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ဆင်ဟွာ



ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတသစ်အဖြစ် ရွေးကောက်ခံရသည့် ဖာဒီနန်မားကို့စ်ဂျူနီယာ။

# အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (UNP) ခေါင်းဆောင် ရာနေးလ်ဝစ်ခ်ခရမ်ဆင်း သီရိလင်္ကာဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆို



သီရိလင်္ကာနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (UNP) ခေါင်းဆောင် ရာနေးလ်ဝစ်ခ်ခရမ်ဆင်း။

ကိုလံဘို မေ ၁၂

သီရိလင်္ကာသမ္မတ ဂိုတာဘာယာရာဂျာပက်ဆာသည် အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (UNP) ခေါင်းဆောင် ရာနေးလ်ဝစ်ခ်ခရမ်ဆင်းကို မေ ၁၂ ရက်က ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

နိုင်ငံအတွင်းဖြစ်ပေါ်နေသော နိုင်ငံရေးမငြိမ်သက်မှုများကို အဆုံးသတ်ရန် အစိုးရသစ်တစ်ရပ်ဖွဲ့ရန် ကတိပြုခဲ့သော သီရိလင်္ကာသမ္မတ ဂိုတာဘာယာရာဂျာပက်ဆာက အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(UNP) ခေါင်းဆောင် ရာနေးလ်ဝစ်ခ်ခရမ်ဆင်းကို မေ ၁၂ ရက်က ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (UNP) ခေါင်းဆောင် ရာနေးလ်ဝစ်ခ်ခရမ်ဆင်းသည် သီရိလင်္ကာနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အတိုက်အခံခေါင်းဆောင် ဆာဂျစ်ပရီမာဒါဆာက ကြားဖြတ်အစိုးရတစ်ရပ်ကို ဦးဆောင်သွားရန်ဆန္ဒရှိကြောင်း သမ္မတထံ စာရေးအကြောင်းကြားခဲ့ပြီးနောက် သီရိလင်္ကာသမ္မတက ယခုလို ဝန်ကြီးချုပ်သစ်ခန့်အပ်လိုက်ခြင်းဖြစ်သည်။

ရာဇဝတ်တရားသူကြီးက ဂိုတာဘာယာရာဂျာပက်ဆာ၏ အာဏာရသီရိလင်္ကာပိုဒူဂျာနာ ပီရာမူနာပါတီအဖွဲ့ဝင် ၁၃ ဦးကို နိုင်ငံရပ်ခြားခရီးသွားလာခြင်းမှ တားမြစ်ထားကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။

သီရိလင်္ကာဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော ရာနေးလ်ဝစ်ခ်ခရမ်ဆင်းသည် စစ်မှုထမ်းဟောင်းဥပဒေပြုသူတစ်ဦးဖြစ်ကာ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးချုပ်ဟောင်းတစ်ဦးလည်း ဖြစ်သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံ၌ လေယာဉ် ပြေးလမ်းချော်ပြီး လူ ၄၀ ကျော် ဒဏ်ရာရရှိ

ချုံချင်း မေ ၁၂

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင်းမြို့ လေဆိပ်၌ မေ ၁၂ ရက် နံနက် ၈ နာရီဝန်းကျင်တွင် လေယာဉ်ပျံတက်စဉ် ပြေးလမ်းချော်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၄၀ ကျော်မှာ အနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း လေဆိပ်သတင်းရင်းမြစ်များက ပြောကြားသည်။

လေယာဉ်အမှုထမ်း ကိုးဦးနှင့် ခရီးသည် ၁၁၃ ဦး လိုက်ပါလာသည့် တိဘက်လေကြောင်းလိုင်းခရီးစဉ် TV9833 အမျိုးအစားလေယာဉ်မှာ ချုံချင်းမြို့မှ တိဘက်ရှိ နင်ချီသို့ ထွက်ခွာရန် စီစဉ်ထားကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

အဲဘတ်လေယာဉ် A319 တွင် ပုံမှန်မဟုတ်သည်ကို တွေ့ရှိခဲ့ပြီးနောက် လေယာဉ်အမှုထမ်းများက လေယာဉ်ပျံသန်းမှုကို ဖျက်သိမ်းခဲ့ကြောင်း၊ လေယာဉ်မှာ ပြေးလမ်းကို ဖြတ်သန်းပြီးနောက် လေယာဉ်ဦးပိုင်း၏ ဘယ်ဘက်ခြမ်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေယာဉ်ပေါ်ပါသူအားလုံးကို ကယ်ထုတ်ခဲ့ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ချုံချင်း ကျုံးဘယ်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေယာဉ်ပြေးလမ်းကို ယာယီပိတ်ထားခဲ့ပြီး အခြားလေယာဉ်ပြေးလမ်းနှစ်ခုတွင် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံ မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့၏ အနောက်တောင်ဒေသ အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

လေယာဉ်မတော်တဆဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ဆင်ဟွာ



# မြောက်ကိုရီးယားနိုင်ငံ၌ နှစ်နှစ်ကျော်ကာလအတွင်း ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ့ရှိ

ပြုံယမ်း မေ ၁၂

မြောက်ကိုရီးယားနိုင်ငံ၌ နှစ်နှစ်ကျော်ကာလအတွင်း ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ့ရှိခဲ့ကြောင်း မေ ၁၂ ရက်က အတည်ပြုခဲ့သည်ဟု ကိုရီးယားဗဟိုသတင်းဌာန (KCNA) က ထုတ်ပြန်ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားမြို့တော်ရှိ ကိုဗစ်-၁၉ တွေ့ရှိခဲ့သော မိသားစုဝင်များ၏ နမူနာများကို မေ ၈ ရက်က ရယူခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာတွင် ဖော်ပြခဲ့သည်။

BA.2 ဟုခေါ်သော ကိုဗစ်-၁၉ မျိုးကွဲကူးစက်မြန် အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားခဲ့ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

ထိုသို့တွေ့ရှိခဲ့သည့်အပေါ် အပြင်းထန်ဆုံးအမျိုးသားအရေးပေါ်ဖြစ်ရပ်တစ်ခုအဖြစ် KCNA ကဖော်ပြခဲ့သည်။

ဆင်ဟွာ

# မွန်ဂိုလီးယားနိုင်ငံ၌ တိရစ္ဆာန် ငါးသန်းခန့်ကို ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေး ထိုးနှံပေး

အူလန်ဘက်တာ မေ ၁၂

မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း စုစုပေါင်း တိရစ္ဆာန် ငါးသန်းခန့်ကို ခွာနာ လျှာနာရောဂါ (FMD) ကို ကာကွယ်ရန် ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း တိရစ္ဆာန်ဆေးကု အထွေထွေအာဏာပိုင်အဖွဲ့ (GAVS) ကို ကိုးကားပြီး ဒေသတွင်းမီဒီယာတွင် မေ ၁၂ ရက်က ထုတ်ပြန် ဖော်ပြခဲ့သည်။

ခွာနာ၊ လျှာနာရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး နွား၊ သိုးနှင့် ဝက်ကဲ့သို့သော တိရစ္ဆာန်များအကြား ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။

မွန်ဂိုလီးယားနိုင်ငံ၌ နွား၊ ဝက်နှင့် တန်ဖြာဒေသ သမင်များစသည့် တိရစ္ဆာန် ငါးသန်းနီးပါးကို ခွာနာ၊ လျှာနာရောဂါ (FMD) ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဧပြီ ၁၈ မှ စတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို တစ်လကြာပြုလုပ်ခဲ့ကြောင်း တိရစ္ဆာန်ဆေးကု အထွေထွေအာဏာပိုင်အဖွဲ့ (GAVS) က ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ယခုနှစ်မှစတင်ကာ ပြည်နယ် ၂၁ ခုအနက် ပြည်နယ် ၂၀ တွင် ခွာနာ၊ လျှာနာရောဂါ ကာကွယ်ဆေး ၃၅၆၈၀၀၀ ကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း တိရစ္ဆာန်ဆေးကု အထွေထွေအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

မွန်ဂိုလီးယားနိုင်ငံသည် ခွာနာ၊ လျှာနာရောဂါကို တိုက်ဖျက်ရန်နှင့် တိရစ္ဆာန်များ ကျန်းမာစေရန် ၂၀၂၂-၂၀၂၈ မဟာဗျူဟာကို ကြိုတင်စီစဉ်ခဲ့ကြောင်း၊ အထူးသဖြင့် အန္တရာယ်များသော တိရစ္ဆာန်များကို ခြောက်လလျှင် တစ်ကြိမ် ကာကွယ်ဆေးထိုးရန် မျှော်လင့်ထားကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံ၏ လူဦးရေမှာ ၃ ဒသမ ၄ သန်းရှိကာ မွေးမြူရေးလုပ်ငန်းမှာ မွန်ဂိုလီးယားနိုင်ငံစီးပွားရေး၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်ပြီး မွေးမြူရေး တိရစ္ဆာန်ကောင်ရေ စုစုပေါင်း သန်း ၇၀ ရှိကြောင်း သိရသည်။

ဆင်ဟွာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၅-၂၀၂၂ သောကြာနေ့

**MRTV HD**

၀၆:၀၀ ဓမ္မစကြာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အနတ္တလက္ခဏသုတ် ... အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၄၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၃:၃၀ MRTV National News
၁၆:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၂၀ လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့အား ရောဝတီမြစ်ရေတိုက်စားမှုမှကာကွယ် ထိန်းသိမ်းခြင်း
၁၇:၄၅ ကဆုန်လပြည့်ဗုဒ္ဓနေ့ ပါဝင်နွဲ့ပျော်ညောင်ရေသွန်းပွဲတော်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ SEA Games Vietnam (Highlights)
၁၈:၄၀ သုတဝေဖြာသီရိဂေဟာ
၁၉:၂၀ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ဝေလီရာဝေ' တေးဂီတပျော်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၂:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရှူးရှင်'

**mitv**

07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
07:11 The Ornithologist: Dr. Thein Aung
07:42 A Pilgrimage To Prominent Pagodas In Pakokku
07:55 The Art of Making Paper Toys
08:01 Children's Delight: The Ants and the Lazy Grasshopper
08:17 Excavation at Kawhmu
08:27 Faith & Worship (Part-1)
08:46 Travelogue: Chaung Tha at its peak period
09:01 News
09:26 Global Partnership for Brighter Future: Rwanda Pavilion at Expo 2020 Dubai
09:33 Fine Arts Podium (Conch Shell Wind Instrument)
09:47 Mt. Naw Bu Baw

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ငါးနုဝ်မရုပ်ဖြားမွန်ချက်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ပြည်မှသဘာဝအလှများ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မောက်မယ်မြို့လေးတစ်နေရာက ပန်းတမော့လက်မှုပညာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁၁)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခါကြက်ဥပူတင်းလုပ်ကြမယ်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဒေသမှအင်ဥရှာထွက်မယ်

**ဝကော်ကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဟံသာဝတီပဲခူးအလှ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၁၅ 31st SEA Games Highlights
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၅၀ လန်းဆေဖို့ရာပန်းနေကြာ
၀၇:၀၀ စားသုံးသူများကျန်းမာရေး
၀၇:၁၅ သူသူငါငါနေရာတကာမှာရှိရတဲ့မျက်နှာ
၀၈:၀၀ ကျေးလက်ကွန်ရက်
၀၈:၅၀ စနစ်တကျစိုက်ပျိုးမှု ကျန်းမာရေးအတွက်ထောက်ကူ
၀၉:၄၀ လွယ်ကူသက်သာဝင်ငွေတိုးဖို့ ကောက်စိုက်စက်ဖြင့်စိုက်ကြစို့

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော် ၁၀၂၆၄ ပါးအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သာသနာတော်နှစ် ၂၅၆၆ နှစ် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော် ၁၀၂၆၄ ပါးအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို မေ ၁၄ ရက် (ကဆုန်လပြည့် -ဗုဒ္ဓနေ့) နံနက် ၆ နာရီတွင် မန္တလေးမြို့ နန်းမြို့ရိုး လေးပြင်လေးရပ်၌ တစ်ဖက်လျှင် သံဃာတော် ၂၅၆၆ ပါးစီဖြင့် တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၅ နာရီ ၄၅ မိနစ်အချိန်မှစတင်ကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD၊ MWD၊ MWD Variety၊ Forever မဟာဗောဓိရုပ်သံလိုင်း၊ Sky Net Up to Date၊ Buddha Channel နှင့် Channel 9၊ MOI Website၊ MOI Youtube၊ MRTV Website တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

* ကျော်ဖုံးမှ

မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမောနှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံတို့က ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။ ယင်းနောက် ဆီးဂိမ်းအဖွဲ့ချုပ်အလံ၊ ဆီးဂိမ်းအလံတို့ကို လွှင့်တင်ကြပြီး ဗီယက်နမ်နိုင်ငံသမ္မတ Nguyễn Xuân Phúc က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများက ဆီးဂိမ်းမီးရှူးတိုင်ကို လက်ဆင့်ကမ်း သယ်ဆောင်ကာ သတ်မှတ်နေရာတွင် မီးထွန်းညှိပေးသည်။

**ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိပြီး အားကစားနည်းအချို့ကိုမူ မေ ၆ ရက်မှစ၍ ပြုလုပ်လျက်ရှိသည်။ ယခုပြိုင်ပွဲကို အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ အားကစားသမား ၅၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပလျက်ရှိပြီး ရွှေတံဆိပ်စုစုပေါင်း ၅၂၆ ခု ချီးမြှင့်သွားမည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် မေ ၁၂ ရက် ပွဲစဉ်များအပြီးတွင် ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိထားသည်။

သတင်း– ကိုညီလေး
ဓာတ်ပုံ–VNA

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၂-၅-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၉၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၉၈၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၉၇၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား ကျပ် | ၁၉၈၅၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၆၅/၂၂၇၀ ကျပ် | ၂၃၁၀/၂၃၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၉၀/၂၂၉၅ ကျပ် | ၂၃၄၀/၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀/၁၉၇၅ကျပ် | ၂၀၁၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၂၅/၂၀၃၀ ကျပ် | ၂၀၇၀/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၄ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၅ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၂၄၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၈ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၃၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၂ . ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၇၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၇၀၀ | ၈ | ၆၁၆၀၀ |
| MTSH | ၂၆၀၀ | ၂၆၅၀ | ၁၂၉၇ | ၃၄၂၂၃၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၇ | ၁၈၂၀၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၄၉ | ၂၃၅၂၀၀ |

ညီညီ – စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် စာပေသင်ကြားပေးလျက်ရှိသည့် စာသင်ကျောင်းအတွင်းသို့ ဝင်ရောက်၍ ရုံးခန်းနှင့် စာသင်ခန်းများအတွင်းရှိ ပစ္စည်းများကို ဖျက်ဆီး

**နေပြည်တော် မေ ၁၂**

မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် Human Resources (HR)လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် စာသင်ကျောင်းများအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်၍ သင်ကြားရေးပစ္စည်းများအား ဖျက်ဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများကို မြို့နယ်အချို့၌ လုပ်ဆောင်လျက်ရှိနေသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၁၁ ရက် ည ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တုန်းပေါ်ကျေးရွာရှိ တုန်းပေါ်အခြေခံပညာအလယ်တန်းကျောင်းသို့ PDF အကြမ်းဖက်သမား သုံးဦးခန့် ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်၍ နှစ်ထပ်စာသင်ကျောင်းဆောင်ရှိ ကျောင်းအုပ်ကြီး ရုံးခန်းနှင့် စာသင်ခန်းတစ်ခန်းအတွင်းမှ ပစ္စည်းများအား ဖျက်ဆီးခဲ့သဖြင့် ခတ်ဘူးတစ်လုံး၊ မိတ္တူစက် တစ်လုံး၊ ပြတင်းတံခါးမှန် နှစ်ချပ်တို့ပျက်စီးခဲ့ပြီး ဗီရိုလေးလုံး၏ သော့များကို ဖျက်ဆီးဖွင့်လှစ်၍ အတွင်းရှိ စာရွက်စာတမ်းများအား ဖြန့်ကြဲဆုတ်ဖြဲဖျက်ဆီးသွားကြောင်း သိရသည်။

ထိုကဲ့သို့ စာသင်ကျောင်းအတွင်းသို့ ဝင်ရောက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူအား ပြစ်ဒဏ်ချမှတ်

**နေပြည်တော် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၅၀)ရပ်ကွက်နေ နိုင်လင်းထွန်း(ခ)စောနိုင်လင်းထွန်း(ဘ)ဦးလှသောင်း သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ ကာလအတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း ဆူပူဆန္ဒပြမှုများ၌ ပါဝင်ခဲ့ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၁)ဖြင့် အကြမ်းဖက် အုပ်စုများအဖြစ် သတ်မှတ် ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို ဖြန့်ဝေခဲ့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့ခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ-၅၀(ဈ) အရ ၎င်းအား ၂၀၂၂ ခုနှစ် မေ ၁၁ ရက်တွင် "ထောင်ဒဏ်တစ်သက်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန် ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တရားခံ နိုင်လင်းထွန်း(ခ) စောနိုင်လင်းထွန်း

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အနောက်လက်ခုပ်ပင်ကျေးရွာနေ နောင်နောင်သည် ၎င်းအသုံးပြုသည့် "Naung Naung" Face-book အကောင့်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရသာကျေးရွာနေ ညိုတင်သည် ၎င်းအသုံးပြုသည့် "Nyo Tin" Face-book အကောင့်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်ချိုင်းကျေးရွာနေ သန့်ဇင်ထွန်း၊ ကျားနေအိုင်ကျေးရွာနေ သန့်တင်ထွန်း(ခ) မွေးနီ၊ စိုးရန်ရှင်းတို့သည် ၎င်းတို့အသုံးပြုသည့် "Thant Zin Htun" Facebook အကောင့်၊ "Thant Tin Htun" Facebook အကောင့်၊ "Soe Yan Shin" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ကမ်းရှမ်းထန်သည် ၎င်းအသုံးပြုသည့် "Khan Shan Htan" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

**သတင်းစဉ်**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား ယနေ့ ကစားမည်

**ရန်ကုန် မေ ၁၂**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) ပွဲစဉ်များကို မေ ၁၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် တီမောအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို သုံးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရထားပြီး နှစ်ပွဲစလုံး သုံးဂိုးစီ သွင်းယူနိုင်သော်လည်း ပေးဂိုးများရှိနေသဖြင့် တီမော၊ ဖိလစ်ပိုင်အသင်းထက် ခြေစွမ်းပိုကောင်းသည့် ဗီယက်နမ်နှင့် တွေ့ဆုံရမည်ဖြစ်သောကြောင့် ခံစစ်ပိုင်းကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်နိုင်မှသာ ရလဒ်ကောင်းရယူနိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပွဲဆက် အနိုင်ရထားသော်လည်း ဆီမီးဖိုင်နယ်တက်ရောက်ရန် လက်ကျန်နှစ်ပွဲစလုံးမှာ အရေးပါနေသည်။ မြန်မာအသင်းအနေဖြင့် ပွဲကျပ်များမကစားမီ ရသင့်သည့် ရမှတ်ခြောက်မှတ်စလုံး ရယူထားနိုင်သဖြင့် ကျေနပ်စရာကောင်းသော်လည်း ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ အုပ်စု (က)တွင် မြန်မာအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား လေးမှတ်၊ ဗီယက်နမ်အသင်းက နှစ်ပွဲကစား လေးမှတ်၊ အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား သုံးမှတ်ရထားပြီး တီမောအသင်းက သုံးပွဲကစား သုံးပွဲစလုံး အရေးနိမ့်ကာ အမှတ်မရဘဲ အုပ်စုအဆင့်မှထွက်ရန် သေချာသွားပြီဖြစ်သည်။ ထို့ကြောင့် ယနေ့ကစားမည့် နှစ်ပွဲစလုံးမှာ ဆီမီးဖိုင်နယ် တက်ရောက်ရန် အရေးပါနေပြီး အနိုင်ရသည့်အသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ ယင်းလေးသင်းအနက် နောက်ဆုံးပွဲကစားရမည့် ဖိလစ်ပိုင်အသင်းမှာမူ အနိုင်ရမှသာ နောက်တစ်ဆင့်တက်နိုင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး အရေးနိမ့်ပါက အုပ်စုအဆင့်မှထွက်ရန် သေချာသလောက် ရှိသွားမည်ဖြစ်သည်။ **ရဲရင့်လွင်**

# သန့်ရှင်းသပ်ရပ်သော စံပြကျေးရွာများနှင့် စိမ်းလန်းသန့်ရှင်းသောကျောင်းများ ဖြစ်ပေါ်လာစေရေး အလေးထားဆောင်ရွက်

**နေပြည်တော် မေ ၁၂**

နေပြည်တော် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ပထမ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေး ခန်းမ၌ မေ ၁၀ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် နေပြည်တော် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ လုပ်ငန်းများကို ကဏ္ဍအလိုက် သက်ဆိုင်သည့်ဌာနများပူးပေါင်း၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍအနေဖြင့် ပြည်သူလူထု ပူးပေါင်းလာစေရန် အသိပညာပေးခြင်း၊ သန့်ရှင်းသပ်ရပ်သော စံပြကျေးရွာများ တည်ထောင်မှုတွင် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ စိမ်းလန်းသန့်ရှင်းသောကျောင်းများ ဖြစ်ပေါ်လာစေရေးအတွက် စာသင်ကျောင်းများနှင့် ပြည်သူလူထုအား အသိပညာပေးခြင်းများကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်ထောင်စု ဒေသန္တရ ငါးနှစ် အမျိုးသား စီမံကိန်းမူဘောင်(၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇)တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံကိန်းများတွင် ထည့်သွင်းရေးဆွဲနိုင်ရေးကိစ္စများ၊ နေပြည်တော် ပလတ်စတစ် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်(မူကြမ်း) စသည်တို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းဆွေးနွေး၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

---

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၂ -၂၀၂၃ ပညာသင်နှစ်
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်း အဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်တတ်ရန်၊ လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောတတ်ရန် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

---

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၂ -၂၀၂၃ ပညာသင်နှစ်
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ <u>အခမဲ့ထောက်ပံ့မှုများမှာ</u>

(က) သူငယ်တန်း (KG) သင်ရိုးသစ်
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေ အရေးကျင့်ကြမယ်စာအုပ် ၅။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် ၈။ ခဲတံ ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ခဲတံ ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ကာယပညာ ၈။ အနုပညာ(ပန်းချီ) ၉။ အနုပညာ(ဂီတ) ၁၀။ဗလာစာအုပ် ၁၁။ ခဲတံ ၁၂။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် ၁၂။ ဘောပင် ၁၃။ ခဲတံ

(ည) နဝမတန်း (Grade 9) သင်ရိုးဟောင်း
၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မဟော်သဓာဇာတ်တော်ကြီး (ပထမတွဲ) ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃) ၄။ အင်္ဂလိပ်စာ ၅။ သင်္ချာ(၁) ၆။ သင်္ချာ(၂) ၇။ အထွေထွေသိပ္ပံ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ် ၁၁။ ဘောပင် ၁၂။ ခဲတံ

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ(ဓာတုဗေဒ+ ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင် + သမိုင်း ၁၄။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် ၁၇။ ဘောပင် ၁၈။ ခဲတံ၊

(ဌ) ကောဒသမတန်း (Grade 11) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ(ပထဝီဝင်သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ(ဓာတုဗေဒ+ ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင် + သမိုင်း ၁၄။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် ၁၇။ ဘောပင် ၁၈။ ခဲတံ

မှတ်ချက်။ ကျောင်းဝတ်စုံအား ပညာသင်နှစ်အတွင်း ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

# ထိုင်းနိုင်ငံသို့ တရားဝင်ရွှေ့ပြောင်းလုပ်သားများ သွားရောက်နိုင်ခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်မှုများကြောင့် အန္တရာယ်ရှိကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် မေ ၁၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၃ ခုနှစ် ဇွန် ၂၁ ရက်တွင်လည်းကောင်း၊ အလုပ်သမားများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး MoU စနစ်ဖြင့် တရားဝင်အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စေလွှတ်ရေးလုပ်ငန်းစဉ်များ ရပ်ဆိုင်းခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၁၈ ရက်မတိုင်မီအထိ မြန်မာအလုပ်သမား ၉၁၅၉၈၀ စေလွှတ်ခဲ့ပြီးဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ တရားဝင်အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်ကို နှစ်နိုင်ငံညှိနှိုင်း၍ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၁၀ ရက်တွင် အလုပ်သမား ၂၈၇ ဦးကိုလည်းကောင်း၊ မေ ၁၁ ရက်တွင် အလုပ်သမား ၃၀၁ ဦးကိုလည်းကောင်း မြဝတီ - မဲဆောက်မြို့မှတစ်ဆင့် သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် အဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်ရေး စေလွှတ်ခဲ့ပြီးဖြစ်သည့်အပြင် MoU စနစ်ဖြင့် တရားဝင်အလုပ်သမားများ စေလွှတ်မှုကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရာတွင် တရားဝင်သတ်မှတ်ထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှမဟုတ်ဘဲ တရားမဝင် ပို့ဆောင်သူ/ ပွဲစားများမှတစ်ဆင့် သွားရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများသည် ငွေကြေးများ အဆမတန်ပေးနေရသည့်အပြင် ထိုင်းနိုင်ငံသို့ရောက်ရှိချိန်တွင် တရားမဝင်နေထိုင်လုပ်ကိုင်ရခြင်း၊ အလုပ်သမားအကျိုးခံစားခွင့် အပြည့်အဝမရရှိခြင်း၊ သက်ဆိုင်ရာဌာနများမှ ဝင်ရောက်စစ်ဆေးချိန်တွင် တရားမဝင် လုပ်ကိုင်နေရခြင်းကြောင့် ဖမ်းဆီးခံရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်မှုကြောင့် ဖမ်းဆီးခံရမှုမှာ ကန်ချနဘူရီပြည်နယ် စိုင်းရိုခရိုင်ရဲစခန်းတွင် ၉၀ ဖြစ်ပြီး မော်တော်ယာဉ်တိမ်းမှောက်ခဲ့မှုများမှာ ထိုင်းနိုင်ငံရှိ ဖိုးဖရခရိုင်တွင် တစ်ကြိမ်၊ တာ့ခရိုင် ဝမ်ကျောက်မြို့နယ်တွင် တစ်ကြိမ်၊ အယုဒ္ဓယခရိုင် မဟာရတ်မြို့နယ်တွင် တစ်ကြိမ်၊ အမှတ် ၂၃ လမ်းမကြီး သွန်ဖာဖမ်ခရိုင်တွင် တစ်ကြိမ်၊ ကန်ချနဘူရီပြည်နယ်တွင် တစ်ကြိမ်၊ ပကျွတ်ခီလီခံပြည်နယ်တွင် တစ်ကြိမ် ဖြစ်ပွားခဲ့မှုများကြောင့် ၎င်းယာဉ်များပေါ်တွင် လိုက်ပါလာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ၁၉ ဦး သေဆုံးခဲ့သည်။

ထို့ကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် တရားမဝင်သွားရောက်ခြင်းကြောင့် လူကုန်ကူးခံရခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝမရရှိခြင်းနှင့် အခြားသော လူ့အခွင့်အရေးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့်အပြင် အခက်အခဲမျိုးစုံ ကြုံတွေ့လာနိုင်သဖြင့် တရားမဝင်သွားရောက်ခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ပြည်ပသို့ တရားဝင်သွားရောက်လုပ်ကိုင်ခြင်းဖြင့်



ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် သွားရောက်လုပ်ကိုင်ရန် မြန်မာရွှေ့ပြောင်းလုပ်သားများ ထွက်ခွာစဉ်။

ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်ခြင်း၊ လူကုန်ကူးခံရမှု မဖြစ်ပွားနိုင်ခြင်း၊ ဆိုက်ရောက်နိုင်ငံများ၌ လွတ်လပ်စွာသွားလာနိုင်ခြင်းနှင့် လုပ်ငန်းခွင်၌ စိတ်ချလုံခြုံစွာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများစာရင်းအား အလုပ်သမားဝန်ကြီးဌာန၏ Website www.mol.gov.mm၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တွင်သာမက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ဖုန်း ၀၆၇- ၄၃၀၁၈၃၊ ၀၆၇- ၄၃၀၂၈၄ တို့သို့ ဆက်သွယ်ခြင်းဖြင့် သတင်းအချက်အလက်များ ရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဓာတုပစ္စည်း၊ မော်တော်ဆိုင်ကယ်နှင့် အထည်အလိပ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ် ကျိုက်မရော-မုဒုံသွား ကားလမ်းမှတ်တိုင်အမှတ် (၂/၆)အနီး တရားမဝင် ပျဉ်းကတိုးသစ်များ ၁၃ ဒသမ ၉၁၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၃၁၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး**(အပေါ်ယာပုံ)** သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ မေ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) နှင့် ကိုက်ညီမှန်ကန်မှုမရှိသော Thinner ဆေးရည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၁၁ ရက်တွင် ပူးပေါင်းအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ၁ ဒသမ ၄၂၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၅၆၂၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မေ ၁၂ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရွှေဘိုမြို့နယ်အတွင်း Kawasaki Esterlla အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၅၆၂၀) ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၁၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အထည်အလိပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၂၅၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ၂ ဒသမ ၉၃၂၂ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၇၉၆၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၉၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၂**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်း ဒေသများသို့ ဝင်ရောက်နိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်တင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း၊ နေပြည်တော်

## ဘွဲ့လွန်သင်တန်းသားများ ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မွေးမြူရေးပညာ မဟာဘွဲ့ သင်တန်း၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့ သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများခေါ်ယူအပ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/ မိတ္တူ တင်ပြနိုင်ရမည်။)

(ခ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(ဃ) ဤတက္ကသိုလ်တွင် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.) သင်တန်းနှင့် တိရစ္ဆာန်ဆေးပညာမဟာဘွဲ့(M.V.M.)သင်တန်းတက်ရောက်နေဆဲ သင်တန်းသားများသည် (၉-၆-၂၀၂၂)ရက်တွင် သက်ဆိုင်ရာကျမ်းရေးသားပြုစုပြီးကြောင်း သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး၏ ထောက်ခံစာ တင်ပြနိုင်ပါက ပါရဂူဘွဲ့ (Ph.D.) သင်တန်းကို လျှောက်ထားခွင့်ပြုမည်။

(င) မွေးမြူရေးပညာမဟာဘွဲ့ (M.A.Sc) သင်တန်း တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc) သင်တန်းနှင့် တိရစ္ဆာန်ဆေးပညာမဟာဘွဲ့ (M.V.M.)သင်တန်းများအတွက် သင်တန်းကာလ(၂)နှစ်နှင့် ပါရဂူဘွဲ့(Ph.D.)သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) မွေးမြူရေးပညာမဟာဘွဲ့ (M.A.Sc)သင်တန်းအတွက် (၂၀၁၈)ခုနှစ် B.A.Sc ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ် (၆၅)မှတ် ရရှိရမည်။

(ဆ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.)သင်တန်းအတွက် (၂၀၁၈)ခုနှစ်အထိ B.V.S./B.V.Sc. ဘွဲ့ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဇ) တိရစ္ဆာန်ဆေးပညာမဟာဘွဲ့ (M.V.M.) သင်တန်းအတွက် (၂၀၁၈)ခုနှစ် အထိ B.V.S/B.V.Sc ဘွဲ့ ရရှိသူများသည် လျှောက်ထားသည့် အထူးပြုဘာသာရပ် အပြင် ဆက်စပ်သည့်ဘာသာရပ် တစ်ခုခုတို့တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဈ) ပါရဂူဘွဲ့သင်တန်းအတွက် B.V.S./B.V.Sc. အခြေခံဘွဲ့ရရှိထားပြီး Veterinary Science Subject တစ်ခုခုဖြင့် ပြည်တွင်း၊ ပြည်ပတက္ကသိုလ် တစ်ခုခုမှ Master ဘွဲ့ရရှိရမည်။

(ည) အထက်ဖော်ပြပါအချက်များနှင့် ပြည့်စုံသူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ စစ်ဆေးမည့် ဘွဲ့လွန်သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲ (အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်)ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လူတွေ့နှုတ်ဖြေ စာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ရောင်စုံ ဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၁၆-၅-၂၀၂၂ ရက် (တနင်္လာနေ့)မှစ၍ ရေဆင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ၉-၆-၂၀၂၂ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| စဉ် | ဘာသာရပ် | ရက်စွဲ | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | (၁၆-၆-၂၀၂၂)ရက် (ကြာသပတေးနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂) နာရီ |
| (ခ) | သက်ဆိုင်ရာ အထူးပြုဘာသာရပ် | (၁၇-၆-၂၀၂၂)ရက် (သောကြာနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂) နာရီ |

၆။ ရေးဖြေစာမေးပွဲ အောင်စာရင်းကို ၂၂-၆-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား ၂၄-၆-၂၀၂၂ ရက် (သောကြာနေ့)တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ လူတွေ့စစ်ဆေးမည်။ ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၅-၆-၂၀၂၂ ရက် (စနေနေ့)တွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ထုတ်ပြန်မည်။

၇။ မွေးမြူရေးပညာမဟာဘွဲ့သင်တန်း၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်း၊ တိရစ္ဆာန်ဆေးပညာ မဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများကို ၂၇-၆-၂၀၂၂ ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၆၆၅၉၊ ၀၆၇-၃၄၁၆၅၂၆ တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8463, NGWE KYAIR SIN L/T Pick Up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်စိန် ၇/သဝတ(နိုင်)၀၄၉၉၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်တော်လမ်းသွယ်၊ မြေကွက်အမှတ်(၁၄၂၂)ဟုခေါ်တွင်သော မြေအလျား x အနံ(၄၀x၆၀) ပေရှိ မြေချပါမစ်မြေကွက်နှင့်အဆောက်အအုံ အားမူလအမည်ပေါက် ဦးစောမောင် (AA-၀၀၉ ၂၄၆)ထံမှ အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန်းအေးအေးကြိုင် ၁၂/မရက(နိုင်)၀၆၅၄၇၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဦး ၁၄/မအပ(နိုင်)၁၄၉၄၆၀က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်လင်းမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၅/၂၀၁၇)**
**အမှတ်(၅၆၄)၊ ဖေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၆၂၈၇၂၉၃၅**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့ (သယံဇာတရေးရာဝန်ကြီးဌာန) ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကျပ်သန်း(၂၀၀)အထက် စည်ပင်သာယာရေးလုပ်ငန်း (၁၀)ခုအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No. | လုပ်ငန်း တည်နေရာ | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|---|---|
| ၁ | Lot-1 | ပြည်နယ် | Kobeco (၂၀တန် Backhoe (၁)စီး ဝယ်ယူခြင်း | (၁)စီး |
| ၂ | Lot-2 | ပြည်နယ် | - အမှိုက်သိမ်းယာဉ် Forland (၆)တန် (၃)စီး ဝယ်ယူခြင်း<br>- အမှိုက်သိမ်းယာဉ် Ta Ta Signa 1923.K(၂)စီး ဝယ်ယူခြင်း<br>- ရေသယ်ယာဉ် Dayun (၁၂၀၀ ဂါလန်ဆံ့)(၁)စီး ဝယ်ယူခြင်း | (၃)စီး<br>(၂)စီး<br>(၁)စီး |
| ၃ | Lot-3 | စစ်တွေ | မေယုလမ်း(နာရီစင်မှ ပြည်နယ်အရံရဲတပ်ဖွဲ့ရုံးရှေ့ထိ) နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း (အပိုင်း-၁) | (၄၇၀၀'x၄၄'x၂") |
| ၄ | Lot-4 | စစ်တွေ | ပြည်တော်သာရပ်ကွက်၊ လမ်းမကြီးလမ်း ကျန်အပိုင်း (အကျဉ်းထောင်အဝင်လမ်းမှ ရေတပ်အနီးထိ)ကွန်ကရစ်ခင်းခြင်း | (၃၁၀၀'x၂၄'x၈") |
| ၅ | Lot-5 | စစ်တွေ | မင်းဘာကြီးလမ်းအပိုင်း(၁) (ကျောင်းကြီးလမ်းမှ ကုန်သည်လမ်းအထိ) နိုင်လွန်ကတ္တရာခင်းခြင်း | (၂၂၀၀'x၂၂'x၄") |
| ၆ | Lot-6 | စစ်တွေ | မင်းဂံရပ်ကွက်၊ ဦးမြဝါလမ်း (၆-အကွက်) မင်းဂံရဲစခန်းရှေ့မှ အကွက်(၁၀) အထိ ကွန်ကရစ်ခင်းခြင်း | (၂၂၇၀'x၁၈'x၈") |
| ၇ | Lot-7 | စစ်တွေ | မင်းဘာကြီးလမ်းကျန်အပိုင်း(၂)(ကုန်သည်လမ်းမှ ရွာကြီးလမ်းထိ)နိုင်လွန်ကတ္တရာခင်းခြင်း | (၂၀၃၀'x၂၂'x၄") |
| ၈ | Lot-8 | မောင်တော | မောင်နီရွာသွားလမ်းအပိုင်း(၁) ကွန်ကရစ်ခင်းခြင်း | (၃၀၆၅'x၁၄'x၈") |
| ၉ | Lot-9 | ရမ်းဗြဲ | ရမ်းဗြဲမြို့၊ မြို့ကွက်သစ် ဖော်ဆောင်ခြင်း လုပ်ငန်း၌ Collector Rood Type-C လမ်းပေါ်တွင် Box Culvert (၅၆)စင်း တည်ဆောက်ခြင်းလုပ်ငန်း | ၅၆(၂၂'x၆'x၄'-၃") |
| ၁၀ | Lot-10 | သံတွဲ | အမှတ်(၈)ရပ်ကွက်၊(ခ)ရပ်ကွက်၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ကျောက်စီရေမြောင်း တူးဖော်ဆောင်ရွက်ခြင်းနှင့်အများပြည်သူ သွားလာသည့် နေရာများတွင် မြောင်းကူး၊ Slab များပြုလုပ်ပေးခြင်း (အပိုင်း-၁) | (၁၉၀၀'x၁၂'-၃" x၄'+ ၇'/၂) |

၂။ တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊စစ်တွေမြို့ဖြစ်ပြီး တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသို့လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းများကို (၁၆-၅-၂၀၂၂) ရက်မှ (၃၀-၅-၂၀၂၂)ရက် ညနေ ၄နာရီတွင်အထိ ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများအား(၃၁-၅-၂၀၂၂)ရက်မှ (၆-၆-၂၀၂၂)ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ် ပါသည်။

၅။ တင်ဒါတင်သွင်းထားသည့် လျှောက်လွှာများအား (၁၀-၆-၂၀၂၂)ရက်တွင်ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၄၃-၂၂၀၀၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပြည်လမ်း၊(၈)မိုင်၊ အမှတ်(၁၁၆)နေ ကွယ်လွန်သူ ကြည်း-၉၆၉၀ ဗိုလ်ချုပ်ဖေယျကျော်ထင်စန်းအောင် (ငြိမ်း) ၁၃/ရစန(နိုင်)၀၀၆၀၂၄နှင့် ဒေါ်ရင်ရင်ဝိုင်း ၁၂/မရက(နိုင်)၀၅၄၇၆၀တို့၏သားသမီးများ ဖြစ်ကြသော ဒေါက်တာမိုးဝင့်အောင် ၁၂/မရက(နိုင်) ၀၈၂၂၅၆၊ ဒေါ်မိုးပွင့်အောင် ၁၂/မရက(နိုင်) ၀၅၄၇၇၀၊ ဒေါက်တာမိုးမြတ်အောင် ၁၂/မရက(နိုင်) ၀၈၂၂၅၅တို့၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ရွှေပြည်သာမြို့သစ်၊ (၂)ရပ်ကွက်၊ ရွှေခတ္တာလမ်းသွယ်(၂)လမ်း၊ မြေကွက်အမှတ်(၃၁/၂၆)၊ ဧရိယာ(၆၀x၈၀)ပေရှိ မြေကွက်သည် ဗိုလ်မှူးကြီးစန်းအောင်(ဘ)ဦးမြမောင်၊ ကျောင်းအုပ်ကြီး စစ်ဦးစီးတက္ကသိုလ်ဗထူးတွင် တာဝန်ထမ်းဆောင်စဉ်အချိန်က (၈-၈-၈၉)ရက်စွဲချလန်အမှတ် (01123RS)(13-7-89)ဖြင့် အမည်ပေါက်တရားဝင်ပိုင်ဆိုင်ခွင့်ရရှိထားသော မြေကွက်ဖြစ်ပါသည်။

ယခုအခါမိခင်၊ ဖခင်များကွယ်လွန်သည့်အခါတွင် ၎င်းတို့၏သားသမီးများမှ အမွေဆက်ခံပိုင်ခွင့်ရှိသော မြေနေရာဖြစ်ပါသည်။ ထို့ကြောင့်အဆိုပါမြေကွက်နှင့် မြေပေါ်ရှိမရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို သားသမီးများမှ အမွေဆက်ခံပိုင်ခွင့်ရှိသည့်အတွက် ၎င်းတို့မသိရှိခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း ခြံစည်းရိုးကာရံခြင်းနှင့် သက်ဆိုင်ရာရုံးများတွင် ပိုင်ဆိုင်မှုတစ်စုံတစ်ရာအတွက် လျှောက်ထားဆောင်ရွက်ခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးပွင့်အောင်ပါ(၃)ဦး၏ ညွှန်ကြားချက်အရ-**
**ဦးဝင်းထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၀၂)**
**အမှတ်(၁၈၈)၊ ကုန်းပေါ်တန်းလမ်း၊ ပန်းလှိုင်ရပ်၊ပဲခူးမြို့၊ ဖုန်း-၀၉-၅၃၀၀၅၉၄**

## အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ဝါးတောကျေးရွာအုပ်စု၊ ဖားအိုင့်ကျေးရွာနေ ဦးသန်းစိန်-ဒေါ်ခင်စန်းဦးတို့၏သား မောင်ဇင်မင်းသူ ၇/ရတန (နိုင်) ၁၂၂၁၂၁သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်၍ ၁-၄-၂၀၂၂ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဦးသန်းစိန်-ဒေါ်ခင်စန်းဦး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ယုဇနလမ်း၊ အိမ်အမှတ် (၃၅၈)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ထိုက် ၁၃/လလန(နိုင်)၀၄၁၅၅၉နှင့်ဇနီး ဒေါ်ခင်မြင့်(ခ)ဒေါ်ရှောက်ဖန်း ၁၃/လလန(နိုင်)၀၄၃၈၇၀တို့၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ထိုက်နှင့်ဇနီး ဒေါ်ခင်မြင့်(ခ)ဒေါ်ရှောက်ဖန်းတို့၏သား၊ မောင်ဝေလင်းထွန်း ၁၃/တကန(နိုင်)၂၃၃၀၂၅သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စအမျိုးမျိုးပြုမူဆောင်ရွက်ကာ မိဘနှစ်ပါးတို့အား ကိုယ်စိတ်နှစ်ပါးဒုက္ခဆင်းရဲအောင်၊ စိတ်ငြိုငြင်အောင် အကြိမ်ကြိမ် ပြုလုပ်နေပါသောကြောင့် ဤကြော်ငြာပါသည့် ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ဒေါ်ခင်မြင့်အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေကွက်အမှတ် (၂၆၂)၏ အနှစ် ၆၀ မြေငှားဂရန်နှင့်ပတ်သက်၍ ဒေါ်ခင်မြင့်သဘောဆန္ဒမပါဘဲ မြေငှားဂရန်အား ရောင်းခြင်း၊ ပေါင်ခြင်း၊ တစ်နည်းနည်းနှင့် လွှဲပြောင်းခြင်းတို့မှာ တရားမဝင်ကြောင်းနှင့် မောင်ဝေလင်းထွန်းနှင့် မြေဂရန်လက်ခံထားသူတို့က ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဒေါ်ခင်မြင့်လက်ဝယ်သို့ လက်ရောက်ပြန်လည်ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။ နောက်နောင် မောင်ဝေလင်းထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အရှုပ်အရှင်းများကို ဦးအောင်ထိုက်နှင့် ဒေါ်ခင်မြင့်(ခ)ဒေါ်ရှောက်ဖန်းတို့ မိသားစုအသိုင်းအဝိုင်းမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်သည့်အပြင် မောင်ဝေလင်းထွန်းနှင့် မည်သည့် အကြောင်းကြောင့်နှင့်မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ကြောင်း၊ မောင်ဝေလင်းထွန်း ၁၃/တကန(နိုင်)၂၃၃၀၂၅နှင့်တကွ အများသိစေရန် ကြေညာလိုက်သည်။

**ဦးအောင်ထိုက်နှင့်ဇနီး ဒေါ်ခင်မြင့်(ခ)ဒေါ်ရှောက်ဖန်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေငွေရီ(ခ)ဒေါ်ခင်စိန်လှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၅၃)**
**၁၅၁၊ ရတနာလမ်း၊ မင်္ဂလာဦးရပ်၊ တောင်ကြီးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀) နတ်တလင်းမြို့နယ်တရားရုံး ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| ကိုမင်းမင်းဦး(ဘ)ဦးကြည်စိုး<br>ကျောင်းကြီးရွာ၊ မြို့ခြံအုပ်စု၊<br>နတ်တလင်းမြို့နယ်<br>**တရားလို** | **နှင့်** | မယမင်း(ဘ) ဦးတင်မိုးဇော်<br>ကျောင်းကြီးရွာ၊ မြို့ခြံအုပ်စု၊<br>နတ်တလင်းမြို့နယ်<br>**တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် မယမင်း(ဘ)ဦးတင်မိုးဇော် (ကျောင်းကြီးရွာ၊ မြို့ခြံအုပ်စု၊ နတ်တလင်းမြို့နယ်)နေ (ယခု လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုမင်းမင်းဦးက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၂၅ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးမိုမို့)**
**မြို့နယ်တရားသူကြီး**
**နတ်တလင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေကွက်အမှတ် (၅၈၅)ဟုခေါ်တွင်သော မြေအလျားxအနံပေ (၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်အား မူလအမည်ပေါက် ဒေါ်တင်တင်နွဲ့ (G/RGN-၀၀၃၀၀၄)ထံမှ အရောင်းအဝယ် စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်မောင်လတ် ၁၁/ကတန (နိုင်)၀၃၈၄၀၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဦး ၁၄/မအပ(နိုင်)၁၄၉၄၆၀က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်း အဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်လင်းမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၅/၂၀၁၇)**
**အမှတ် (၅၆၄)၊ ဖေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၆၂၈၇၂၉၃၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၂)နေ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ် သော ဦးကျော်နိုင်စိုး ၇/ကတခ(နိုင်)၀၇၃၈၂၆နှင့် ဒေါ်မြင့်မော်ဝင်း ၁၂/ပဇတ(နိုင်)၀၀၁၉၆၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁.ဂျေ)၊ မြေကွက်အမှတ် (V ၂၆)၊ (တစ်နည်းအားဖြင့်) အမှတ် (၂)၊ (၅လွှာ/ခေါင်းရင်းခန်း)၊ ဒေါနလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ အကျယ် (၁၂⁵/၂ပေx၅၅ပေ)ရှိ တိုက်ခန်းအား အပြီးအပိုင်ရောင်းချသူများဖြစ်သော ဦးခင်မောင်သွင် ၁၂/ပဇတ(နိုင်)၀၁၃၆၉၉၊ ဦးကျော်ကျော်သွင် ၁၂/ပဇတ(နိုင်)၀၂၈၂၄၅၊ ဒေါ်စန္ဒာ ၁၂/ပဇတ(နိုင်)၀၀၁၄၀၈၀တို့မှ တရားဝင်ပိုင်ဆိုင်လာပြီး လိုအပ်သလိုစီမံရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာ၍ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများက သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ၁၂-၅-၂၀၂၂ရက်တွင် တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ပြုလုပ်၍ ငွေအပြေအကျေပေး ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**U Zaw Myint (Law Firm)**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့် (LL.B)**<br>**(စဉ်-၁၂၉၈၆/၂၀၁၇)**<br>**ဒေါ်သဲသဲဦး (LL.B) (စဉ်-၁၈၀၇၇/၂၀၂၂)**<br>**(တရားလွှတ်တော်ရှေ့နေများ)** | **ဦးရဲမြင့်အောင် (LL.B)**<br>**(စဉ်-၄၁၇၀၃/၂၀၁၃)**<br>**ဒေါ်တင်ဇာမျိုး(LL.B)(စဉ်-၄၅၂၆၅/၂၀၁၄)**<br>**ဒေါ်သူဇာဝင်း (LL.B) (စဉ်-၅၁၇၇၃)**<br>**(အထက်တန်းရှေ့နေများ)** |

**အခန်း (၃)၊ သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ ရွှေဒါးသာစည်အုပ်စု၊ ညောင်ထောက်ကျေးရွာနေ ဦးမြင့်ခိုင်၏သား မောင်ပြည့်ဖြိုးခိုင် (ခ) မောင်ပြည့်ဖြိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့်၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ(၁-၆-၁၉၉၂)ရက်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများ သိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ Star City ၊ တိုက် (B-3)၊ အခန်း(514)၊ Type (B+) Area(938) Sqft တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးသင်း ၁၂/ဗတထ(နိုင်)၀၁၃၀၈၈၊ နီရောင်လင်း ၁၂/ဗတထ(နိုင်)၀၁၄၇၀၆၊ မဝင့်ထားနီ ၁၂/ဗတထ(နိုင်)၀၀၁၉၅၀၏ ကိုယ်စား Special Power လက်ခံရရှိထားသူ ဒေါ်ဆွေဆွေသင်း ၁၂/ပဘတ (နိုင်)၀၁၈၃၉၈တို့ထံတွင် အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဇင်မာအောင် ၈/အလန(နိုင်)၁၃၇၉၆၆**
**(ဖုန်း-၀၉-၈၇၉၃၇၃၇၇၃)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၈၉၊ ဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၈၉)၊ သိင်္ဂီ (၂)လမ်းမြောက်၊ (၅)ရပ်ကွက်၊ သာကေတ မြို့နယ်၊ ဦးအုန်းမြ (OG-၀၃၂ ၅၀၆) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအုန်းမြ (ဖခင်)၊ ဒေါ်သန်းရှင်(မိခင်)နှင့် အစ်ကိုကြီးဖြစ်သူ ဦးအောင်မင်းသည် ကိတ္တိမမွေးစားခြင်းမရှိဘဲ လူပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော ဦးခင်ဇော် ၁၂/သကတ (နိုင်)၀၁၄၁၄၇၊ ဦးခင်လှ ၁၂/သကတ(နိုင်) ၀၁၄၁၄၈၊ ဒေါ်မြင့်မြင့်ချို ၁၂/သကတ(နိုင်) ၀၃၉၅၆၇ တို့ထံမှ GP ၇၆/၂၀၂၂(၅-၁-၂၀၂၂)ရသူ ဦးအောင်နိုင်စိုး ၁၁/မအန (နိုင်)၀၃၀၃၉၉၊ ဒေါ်မြသိန်း ၁၁/စတန(နိုင်)၀၈၀၄၇၃တို့ထံမှ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင် လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါ က လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ဖခင်အမည်မှန်

ဇဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်နေ ဒေါ်ကေဇင်လတ် ၉/တသန(နိုင်)၁၁၁၂၁၈၏ ဖခင် ဦးငြိမ်းအား ဦးဝင်းရွှေ ၉/တသန(နိုင်)၀၀၅၇၅၁ဟုပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4F/3267 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၅-၂၀၂၂ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၂၇ တွင် ပါရှိသော မြေကွက်အမှတ် ၇၄၂၊ ငွေသီရိ ၂လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ၃၁ရပ်ကွက် အစား ၃၀ ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/4331 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/63218, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင် ၁၄/ဖလန(နိုင်)၀၈၉၅၂၉ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3651 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထက (၁) Grade-9 မှ မောင်ဇေလင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းခိုင်လင်း ၉/ရမသ(နိုင်)၂၀၁၃၀၆ ဖြစ်ပါကြောင်း။

**ဦးသန်းခိုင်လင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/8204, TOYOTA TOYOACE, L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းခိုင် ၁၂/အလန(နိုင်)၀၅၁၆၀၀ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/1948 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းစိုးဝင်း ၁၀/ခဆန(နိုင်)၀၇၉၄၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)**
**ရန်ကုန်မြို့**

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## Daung Capital Company ၏ အရောင်းကိုယ်စားလှယ်များ သိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အင်း၀(၃)လမ်း၊ အမှတ်(၁၂၆၀)၊ Daung Capital Company Limited နှင့် အရောင်းကိုယ်စားလှယ်များအကြား ချုပ်ဆိုထားသော သဘောတူစာချုပ်အရ အောက်ပါအရောင်းကိုယ်စားလှယ်များသည် Daung Capital Company Limited သို့ ကြွေးကျန်များပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေပါသည်။ Daung Capital Company Limited ဘက်မှ လူကြီးမင်းတို့၏ပျက်ကွက်ခြင်းများအပေါ် အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ ကြွေးကျန်များ ပေးဆပ်ရန် ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၂၁ ရက်အတွင်း ကြွေးကျန်များကို ပြေကျေစွာပေးဆပ်ပါရန်အတွက် ထပ်မံသတိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်းပေးဆပ်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး တရားစွဲဆိုခြင်းဆောင်ရွက်ပါက တရားရုံးစရိတ်အ၀၀တို့သည် လူကြီးမင်းတို့၏ တာ၀န်သာ ဖြစ်ကြောင်းကို အသိပေးကြေညာအပ်ပါသည်–

| စဉ် | အမည် | ဆိုင်အမည် | ဆိုင်တည်ရှိသည့် မြို့နယ် | ကြွေးကျန်ကျပ် (သိန်းပေါင်း) |
|---|---|---|---|---|
| ၁ | ဦးကျော်တင့် | အာကာကျော်ဆိုင်ကယ်အရောင်းဆိုင် | ကျိုက်ထို | ၂၄.၈၃ |
| ၂ | ဦးအောင်နိုင်လင်း | GG Group ဆိုင်ကယ်ရောင်း၀ယ်ရေး | တွံတေး | ၂၀၈.၈၄ |
| ၃ | ဦးခန့်ဇော်မောင် | Golden Road ဆိုင်ကယ်ရောင်း၀ယ်ရေး | ၀မ်းတွင်း | ၈၉၆.၉၆ |
| ၄ | ဦးမြတ်သူဦး | ကိုမင်းမင်း ဆိုင်ကယ်အရောင်းပြခန်း | ပန်းတနော် | ၄၉.၈၁ |
| ၅ | ဒေါ်လှလှမိုး(ခ)မကြီးမ | ကိုငယ်–မကြီး ဆိုင်ကယ်ရောင်း၀ယ်ရေး | မိတ္ထီလာ | ၂၃၀.၇၇ |
| ၆ | ဦးစိုးနိုင် | ဆင်ဖြူတော် ဆိုင်ကယ်ရောင်း၀ယ်ရေး | ကျွန်းလှ | ၁၇၄.၅၁ |
| ၇ | ဦး၀ဏ္ဏထွန်း | ရွှေရတုအောင် ဆိုင်ကယ်အရောင်းဆိုင် | ဆိပ်ဖြူ | ၃၀.၆၂ |
| ၈ | ဦးခင်မောင်လတ် | Linn Group ဆိုင်ကယ်ရောင်း၀ယ်ရေး | နေပြည်တော် | ၁.၆၃ |
| ၉ | ဦးဇော်ရဲအောင် | Super Sky ဆိုင်ကယ်အရောင်းဆိုင် | ကျောက်တန်း | ၅.၄၀ |
| ၁၀ | ဦးဟိန်းဆက်အောင် | Zone ဆိုင်ကယ်အရောင်းဆိုင် | ပဲခူး | ၄၈၈.၃၇ |
| ၁၁ | ဦးထွန်းထွန်း | ကိုထွန်းထွန်း ဆိုင်ကယ်အရောင်းဆိုင် | အုတ်တွင်း | ၄၇၀.၉၃ |
| ၁၂ | ဦးအောင်ခိုင်၀င်း | New One ဆိုင်ကယ်အပိုပစ္စည်းဆိုင် | ရွှေဘို | ၅၀.၃၈ |

**Daung Capital Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်ချိုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်–၁၀၇၃၄(၅–၅–၂၀၁၆)**
**ဖုန်း–၀၉–၂၅၀၂၃၂၃၈**

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များ၀ယ်လိုသည်၊
အိမ်အရောက်ငွေချေသည်၊
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/9919 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/92743 Honda Click 150, M/C ယာဉ်လက်၀ယ်ရှိသူ ဦး၀င်းထက်ရှိန် ၉/ခအဇ(နိုင်)၀၅၃၇၁၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၆၅၀၈၆ Honda Click 125 ယာဉ်လက်၀ယ်ရှိသူ ဦး၀င်းနိုင်ထွန်း ၈/ရစက(နိုင်)၂၀၂၅၉၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/7909 ယာဉ်လက်၀ယ်ရှိသူ K-WON & MICC CO.,LTD က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း၊ လူနေရပ်ကွက်အမှတ် မြင်သာစုပေါင်းအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၁၃၈/၁+၂)၊ မြေအကျယ်ဧရိယာ ၀ ဒသမ ၀၆၂ဧက၊ စုစုပေါင်း ၂၇၁၈စတုရန်းပေအကျယ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဆောက်လုပ်ရေး၀န်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ဂရေစီသိန်း(ဘ) ဦးဘိုးသိန်း(မှတ်ပုံတင်အမှတ် CF 043441)အမည်ဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အိသန္တာကျော် ၁၂/ဥကတ(နိုင်)၁၅၃၃၁၁သည် အဆင့်ဆင့်လွှဲပြောင်း၀ယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ထားကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်လွှဲပြောင်း၀ယ်ယူရန် ရောင်းကြေးစရန်ငွေအချို့တစ်၀က်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအ၀ယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာဇာမျိုးဟန်(LL.B, LL.M, M.Res)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၈၀၂)**
**Building CL 3, Room–114, Cityloft**
**စတားစီးတီးကွန်ဒို၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၅၀၃၃၃၁၀၃**

## အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးဇော်လင်းထွန်း ၁၂/မရက(နိုင်)၁၃၁၈၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လင်းထွန်းသည် ရန်ကုန်မြို့၌ တရား၀င်ကုမ္ပဏီများ တည်ထောင်၍ လုပ်ငန်းများ လက်ရှိလုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ကုမ္ပဏီများ၌ ဖြစ်ပေါ်သည့် ကိစ္စရပ်မှန်သမျှကိုလည်း ကျွန်ုပ်မိတ်ဆွေမှ တရားနည်းလမ်းကျစွာဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိပါသည်။

ထိုကဲ့သို့ စီးပွားရေးကို ဂုဏ်သိက္ခာရှိစွာလုပ်ကိုင်နေသည့် ဦးဇော်လင်းထွန်း၏ အမည်ဂုဏ်သတင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဦးဇော်လင်းထွန်း တည်ထောင်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၏ အမည်ဂုဏ်သတင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် တမင်ရည်ရွယ်၍ အချို့သောသူများသည် မဟုတ်မမှန်သော သတင်းများလွှင့်ခြင်း၊ အသရေပျက်စေသော စကားများ ပြောဆိုခြင်းများပြုလုပ်လျက်ရှိနေကြောင်းဟု ညွှန်ကြားသိရှိရပါသည်။

ထို့ကြောင့် ဦးဇော်လင်းထွန်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဦးဇော်လင်းထွန်း တည်ထောင်လုပ်ကိုင်သည့် ကုမ္ပဏီများနှင့်စပ်လျဉ်း၍ဖြစ်စေ ဂုဏ်သိက္ခာကျဆင်းစေရန်၊ စိတ်ငြိုငြင်စေရန်၊ အသရေပျက်စေရန်အလို့ငှာ မဟုတ်မမှန်သော သတင်းစကားများလွှင့်ခြင်း၊ အသရေပျက်စေသော စကားများပြောဆိုခြင်း၊ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မမှန်သတင်းများ ရေးသားတင်ခြင်း၊ ဖြန့်ဝေခြင်း၊ ဥပဒေမဲ့မည်သည့်နည်းလမ်းကိုမျှ ဤကြေညာပါသည့်ရက်မှစ၍ မပြုလုပ်ကြရန် အသိပေးတားမြစ်ကြောင်းနှင့် တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်စန္ဒာထက်(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၂၂)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၃၁၀၄၃၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ဟသ်ာတမြို့၊ လက်သမား(မ)ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ လက်သမား(မ)ရပ်၊ ဦးပိုင်အမှတ်(၁၃၀က)၊ ဧရိယာ ၀ ဒသမ ၀၇၆ဧကရှိ မြို့မြေကို ဦးညီညီအောင်၊ ဒေါ်ဇင်မီငွေးလှအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟသ်ာတမြို့**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၁၁၇/မွေ့သုခကျောင်းရပ်၊ ဦးပိုင်အမှတ် 26/245၊ ဧရိယာ ဧက ၀ ဒသမ ၀၄၂ ရှိ အိမ်မြေ ကွက်အား ကျွန်မ ဒေါ်ဖွန့်ဖြူခင် ၁၃/တကန(နိုင်)၁၅၉၆၉၆ အမည်ဖြင့် ဂရန်သစ်လျှောက်ရန် ရေးဆွဲထားသော မြေစာရင်းပုံစံ(၁၀၅/၁၀၆)မှာ ကျွန်မ၏လက်၀ယ်တွင် ပျောက်ဆုံးသွားပါ၍ သက်ဆိုင်ရာဌာန၌ ပြန်လည်လျှောက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖွန့်ဖြူခင်**
**ဖုန်း–၀၉–၇၉၂၉၉၃၈၆၉**

## မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၂–၂၀၂၃ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့ရေပေးရေးအတွက် ရေပိုက်များ၀ယ်ယူခြင်းကို Lot အလိုက် အောက်ပါအတိုင်း၀ယ်ယူလိုပါသဖြင့် စိတ်ပါ၀င်စားသည့်လုပ်ငန်းရှင်များမှ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ပါသည်–

| စဉ် | Lot No | အကြောင်းအရာ | လျှောက်လွှာတန်ဖိုး(ကျပ်) |
|---|---|---|---|
| (က) | Lot No(1) | မော်လမြိုင်မြို့၊ ရေပေးရေးလုပ်ငန်း အတွက် ရေပိုက်၀ယ်ယူခြင်း | ၁၀၀၀၀ |
| | | (၁) OD 315mm, PN–10HDPE Pipe (244)m | |
| | | (၂) OD 250mm, PN–10HDPE Pipe (1100)m | |
| | | (၃) OD 200mm, PN–10HDPE Pipe (1025)m | |
| | | (၄) OD 150mm, PN–10HDPE Pipe (3470)m | |
| | | (၅) OD 110mm, PN–10HDPE Pipe (1630)m | |
| | | (၆) OD 75mm, PN–10HDPE Pipe (5277)m | |
| | | (၇) OD 50mm, PN–10HDPE Pipe (2042)m | |
| (ခ) | Lot No(2) | ကျိုက်မရောမြို့၊ ရေပေးရေးလုပ်ငန်း အတွက် ရေပိုက်၀ယ်ယူခြင်း | ၂၀၀၀ |
| | | (၁) 4" Ø UPVC(13.5) (444)Nos | |
| | | (၂) 2" Ø UPVC(13.5) (531)Nos | |
| (ဂ) | Lot No.3 | သထုံမြို့၊ ရေပေးရေးလုပ်ငန်းအတွက် ရေပိုက်၀ယ်ယူခြင်း | ၂၀၀၀ |
| | | (၁) 3"Ø UPVC(13.5) (86)Nos | |

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်၊ အချိန်** – ၁၂–၅–၂၀၂၂ရက်မှ ၂၄–၅–၂၀၂၂ရက်အထိ ရုံးချိန်အတွင်း

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်၊ အချိန်** – ၂၆–၅–၂၀၂၂ရက်(ကြာသပတေးနေ့)၊ ၁၃:၀၀နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** – ၂၆–၅–၂၀၂၂ရက်(ကြာသပတေးနေ့)၊ (၁၄:၀၀)နာရီ

၅။ **နေရာ** – မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့

၆။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၉–၅၂၃၂၂၅၂၊ ၀၉–၇၉၁၇၉၁၃၉၃နှင့် ၀၉–၄၂၀၇၀၁၉၆၀တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းအမှတ်(၄စီစီ)၊ မြေကွက်အမှတ် V၈၆ရှိ အဆောက်အအုံနှင့်ပတ်သက်၍ ဆောင်ရွက်ရန် ဦးမြင့်သိန်းပါ ၅ဦးမှ ဦး၀င်းမြင့် ၇/သကန(နိုင်)၀၀၂၄၀၆သို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၆–၁–၂၀၂၀ ရက်တွင် စာချုပ်အမှတ်(၇၆၄)ဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်သိန်းပါ–၅ (၁၂/တမန(နိုင်)၀၄၄၃၂၂)**
**အမှတ်(၉၄)၊ ပထမထပ်(ခေါင်းရင်းခန်း)၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၄၈၀၄၅၄၀၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/3765 Hyundai Starex, Mini Bus ယာဉ်လက်၀ယ်ရှိသူ ဦးနိုင်မင်းဦး ၁၂/ဒဂတ(နိုင်)၀၆၃၂၉၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)

### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်

### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၃၁

ဒေါ်ကြည်ကြည်၀င်း **နှင့်** ဒေါ်၀င်းကြည်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ သံလွင်လမ်းကြား၊ ကန်ကောက်အရှေ့ရပ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်နေ ဒေါ်၀င်းကြည်(ဘ) ဦးဟုန်ချီကျုံး သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ကြည်ကြည်၀င်းက ပဋိညာဉ်အတိုင်း အရောင်းအ၀ယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မေလ ၂၃ ရက် (၁၃၈၄ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေး ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းလုပ်ငန်းများတွင် အသုံးပြုမည့် (၈၀/၁၀၀) ကတ္တရာ ၅၃၉.၈၂ တန် တင်သွင်းရန် အိတ်ဖွင့်တင်ဒါလျှောက်လွှာတစ်စောင်လျှင် တစ်သောင်းကျပ်နှုန်းဖြင့် ၀ယ်ယူ၍ အောက်ပါအစီအစဉ်အတိုင်းတင်သွင်းနိုင်ပါသည်–

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** – ၁၂–၅–၂၀၂၂ရက်မှ ၂၄–၅–၂၀၂၂ရက်အထိ၊ ရုံးချိန်အတွင်း

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်** – ၂၆–၅–၂၀၂၂ရက်၊ (ကြာသပတေးနေ့) ၁၃:၀၀နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်အချိန်** – ၂၆–၅–၂၀၂၂ရက်၊(ကြာသပတေးနေ့) ၁၄:၀၀နာရီ

(ဃ) **နေရာ** – မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မောင်ငံရပ်၊ မော်လမြိုင်မြို့

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၉–၅၂၃၂၂၅၂နှင့် ၀၉–၄၂၀၇၀၁၉၆၀ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

## ဆောက်လုပ်ရေး၀န်ကြီးဌာန ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မိုးညှင်းခရိုင် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

**တင်ဒါအမှတ်စဉ်(၁/၂၀၂၂)**

၁။ ကချင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိုးညှင်းခရိုင်အတွင်း ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု/ပြည်နယ်(ငွေလုံး/ငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို (လုပ်ငန်းခွင်အရောက်) မြန်မာကျပ်ငွေဖြင့် ၀ယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ပစ္စည်းအမျိုးအမည် အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိုးညှင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၁၂–၅–၂၀၂၂ ရက်မှစ၍ ရုံးချိန်အတွင်း ၀ယ်ယူရရှိနိုင်ပါသည်–

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** – ၁၂–၅–၂၀၂၂ရက်၊ (ကြာသပတေးနေ့)

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး၀ယ်ယူရမည့် ရက်/အချိန်** – ၂၅–၅–၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)၊ မွန်းတည့် ၁၂ :၀၀နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** – ၂၆–၅–၂၀၂၂ရက်၊နံနက် ၁၀:၀၀နာရီ

(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/ အချိန်/နေရာ** – ၂၆–၅–၂၀၂၂ရက်၊နံနက် ၉:၀၀နာရီမှ ၁၀:၀၀နာရီအတွင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း–၀၉–၄၀၀၄၃၄၂၀၂**

## အများသိစေရန်အသိပေးကြေညာခြင်း

ညောင်ရွှေမြို့၊ ကံသာရပ်(၄)ကွက်နေ ဦးသိန်းလွင် ၁၃/ညရန(နိုင်)၀၄၀၀၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ–

ကျွန်ုပ်မိတ်ဆွေ ဦးသိန်းလွင်သည် ညောင်ရွှေမြို့၊ ကံသာရပ် အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ် ၁၁၀ ဒသမ ၃၊ ဧရိယာ ၀ ဒသမ ၀၇၅ဧကရှိ မြေကွက်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၂၀၀၉ခုနှစ် ဇန်န၀ါရီ ၂၂ရက်တွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးအောင် ၁၃/ညရန(နိုင်)၀၂၆၁၅၂ထံမှ ထိုက်သင့်သော ဈေးနှုန်းဖြင့် အသိသက်သေများရှေ့ ၀ယ်ယူခဲ့ပါသည်။ ဒေါ်အေးအေးအောင်နှင့် ဦးသိန်းလွင်တို့ အရောင်းအ၀ယ်ပြုသည့် ၂၂–၁–၂၀၀၉ ရက်စွဲပါ မြေကွက်အရောင်းအ၀ယ်စာချုပ်အားလည်း စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်အညီ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရား၀င်မှတ်ပုံတင်၍ ဦးသိန်းလွင်အမည်ပေါက် မြေပုံစံ(၁၀၅)လည်း ရရှိပြီးဖြစ်ပါသည်။ သို့ပါ၍ ဦးသိန်းလွင်မှ တရား၀င်၀ယ်ယူထားသည့် မိမိအမည်ပေါက်မြေကွက်အတွင်း၌ ဆောင်ရွက်စီမံရန်ရှိသည့်ကိစ္စအ၀၀ကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ၂၅–၅–၂၀၂၂ရက် နောက်ဆုံးထား၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်က မိမိဆောင်ရွက်ရန်ရှိသည့်ကိစ္စအ၀၀ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **ဦးသိန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးသိန်းလွင်** | **ဒေါ်အေးအေး၀င်း** |
| **၁၃/ညရန(နိုင်)၀၄၀၀၈၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၆၁၂၁/၁၉၉၄)** |
| | **ကံသာရပ်(၅)ကွက်၊ ညောင်ရွှေမြို့** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၉–ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၁၇၂)နေ ဒေါ်မေမွန်မြတ်သူ ၁၂/အစန(နိုင်)၂၀၂၅၉၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဒေါ်ခင်မိုးသူ ၁၂/အလန(နိုင်)၀၀၉၂၁၅ ပိုင်ဆိုင်နေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနတန်ဖိုးနည်းအိမ်ရာအပိုင်း(၂)၊ အခန်းတွဲ(၄)ထပ်၊ တိုက်အမှတ်–၃၈၊ ဒုတိယထပ်၊ အခန်းအမှတ်(၂၀၁)၊ အကျယ်အ၀န်း(၅၂၂–စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ၇–၅–၂၀၂၂ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအ၀ယ်စရန်ပေးကတိစာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၇၈/၁၆)**
**အမှတ်(၅၆၅)၊ အခန်း(A–1) (ပ–ထပ်)၊ MAC Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၂၆၄၂၄၃၂၉၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီနှစ်ဟာ စိန်ရတုလွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် လွတ်လပ်ရေးရဲ့ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့ အနှစ်သာရများ အပြည့်အဝခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါ့ကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့ သတ်မှတ်ပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန်ကြိုးစားနေပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

၁၇-၄-၂၀၂၂

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၁၂**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ဓါတ်ပုံ)

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ဥက္ကဋ္ဌ မန်းအောင်ပြည်စိုးနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑

## ယနေ့ သတင်းအညွှန်း


**ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် ပညာဥယျာဉ်များ ဝေဆာလာတော့မည်** ဆောင်းပါး စာ - ၈

**စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် စာပေသင်ကြားပေးလျက်ရှိသည့် စာသင်ကျောင်းအတွင်းသို့ ဝင်ရောက်၍ ရုံးခန်းနှင့် စာသင်ခန်းများအတွင်းရှိ ပစ္စည်းများကို ဖျက်ဆီး** ပြည်တွင်းသတင်း စာ - ၂၀


# (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၂**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် ညပိုင်းက ဟန္နိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ပြုလုပ်သည်။

ဖွင့်ပွဲ အခမ်းအနားတွင် အိမ်ရှင်ဗီယက်နမ်နိုင်ငံ၏ ရိုးရာအလှအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြိုင်ပွဲဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊

*စာမျက်နှာ ၁၉ ကော်လံ ၃* ❋

